မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်(၂၀၀၉)နှင့် ရတနာပုံဆိုက်ဘာဟော ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

အဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် (၂၀၀၉)နှင့် ရတနာပုံဆိုက်ဘာဟော ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံဆိုက်ဘာဟောခန်းမရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

သမိုင်းပေးတာဝန်

နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးရန် ကြိုးပမ်းလျက်ရှိကြသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏ အန္တရာယ်များကို တိုင်းရင်းသားပြည်သူအပေါင်းသည် အထူးသတိမူလျက် မိမိ၏ စည်းလုံးညီညွတ် တောင့်တင်းခိုင်မာသော အင်အားဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည့် တာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ -

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး



တံတားတည်ဆောက်သူက တံတားဆောက်၊ လမ်းဖောက်လုပ်သူက လမ်းဖောက်

တစ်ပြိုင်တည်း အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်၍ နိုင်ငံတော်တစ်ဝန်း လမ်း၊တံတားများက ပန်းများအလား ပွင့်လန်းဖွံ့ဖြိုး ဝေဆာလာခဲ့ပြီ

နေပြည်တော် ဒီဇင်ဘာ ၂၇

ပထဝီ၊ ရေမြေတောတောင် သဘာဝအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ နယ်မြေဒေသအသီးသီးကို သဘာဝ အတားအဆီးမျိုးစုံတို့က ပိုင်းခြားထားသည်။

ပိုင်းရုံကာဆီး

ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီ အစရှိသည့် မြစ်ကြီးများသာမက တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ချောင်းငယ်၊ မြောင်းငယ် ရေပတ်လည်တို့က ပိုင်းရုံကာဆီးထားသည်။

လမ်းပန်းဆက်သွယ်ရေး အခက်အခဲကပါ ထပ်ဆင့်ခဲ့၍ မိမိတို့၏ ညီအစ်ကိုမောင်နှမ သွေးချင်းသားချင်း တိုင်းရင်းသားအချင်းချင်းတို့သည် ယခင်က အနေနီးသော်လည်း ခရီးဝေးခဲ့ကြရ၏။ အမြင်နီးသော်လည်း အလှမ်းဝေးခဲ့ကြရ၏။

ဖွံ့ဖြိုးဝေဆာ

မျက်မှောက်ကာလတွင်မူ နိုင်ငံတော်အကြီးအကဲ၏ ကျယ်ပြန့်သော နိုင်းဆချင့်ချိန်မှု၊ အမြော်အမြင်ကြီးမားမှုနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့အပေါ် ထားရှိသည့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက်)

တိုးတက်ပြောင်းလဲလာသော အီလက်ထရွန်နစ်နှင့် နည်းပညာများ မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်လေ့လာအသုံးချ

ခေတ်မီလူနေမှုစနစ်များ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အတူ ယနေ့ခေတ် နိုင်ငံ၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်ကဏ္ဍများ အားလုံးနှင့် အကျုံးဝင်ဆက်စပ်လျက်ရှိသည့် နည်းပညာများသည်လည်း ကျယ်ပြန့်လာလျက်ရှိသည်။

ကမ္ဘာ့အဆင့်မီ နည်းပညာများကို မည်သူမဆို လေ့လာသင်ကြားနိုင်ခွင့်ရရှိရန်၊ အိုင်စီတီကဏ္ဍ၌ ကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကဏ္ဍများတွင် ခေတ်မီနည်းပညာရပ်များကို နိုင်ငံအနှံ့ လွယ်လင့်တကူ လေ့လာအသုံးချနိုင်ရန် ရည်ရွယ်ကာ ကွန်ပျူတာတက္ကသိုလ်များဖွင့်လှစ်ပြီး မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်၍ အိုင်တီပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

နည်းပညာများတိုးတက်လာသည်နှင့်အတူ လက်တွေ့အသုံးချမှု ပိုမိုတိုးတက်ရန်အတွက် အိုင်စီတီရက်သတ္တပတ်ပြပွဲများ၊ နောက်ဆုံးပေါ် အိုင်တီပစ္စည်းများပြပွဲနှင့် အိုင်တီပညာရှင်များ၏ ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

နည်းပညာများတိုးတက်မှုအရ လူနေမှုစနစ်တိုးတက်မြင့်မားလာပြီး အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုသည် နိုင်ငံတကာအဆင့်မီ တိုးတက်လာခဲ့သည်။

ဆက်သွယ်ရေးနည်းပညာများ လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်စေရန်ရည်ရွယ်၍ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသော အဌမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲကို ဒီဇင်ဘာလ ၂၆ ရက်နေ့မှစတင်ကာ ပြင်ဦးလွင်မြို့အနီး ရတနာပုံ ဆိုက်ဘာစီးတီး၌ ဖွင့်လှစ်ပြသလျက်ရှိသည်။

နောက်ဆုံးပြောင်းလဲဖြစ်ပေါ်နေသော ဆက်သွယ်ရေးနည်းပညာများဖြစ်သည့် **e-telegram** ဆိုသည့် တစ်ဆင့် ကြေးနန်းပို့စနစ်၊ **SM^3**၏ မိုဘိုင်းလ်ဖုန်းများပေါ်တွင် မြန်မာစာသုံးစနစ်များ၊ မြန်မာနိုင်ငံ၏ပထမဆုံး **Symbiam Application** ဖြစ်သော **SM^3 mm9** (ဖုန်းသုံးမြန်မာစာ စနစ်) စတင်အသုံးပြုနိုင်မှု၊ မြန်မာစာတိုပို့စနစ်များအကြောင်း၊ နိုင်ငံတကာတွင် အကျော်ကြားဆုံး **Oxford English Dictionary** နှင့် မြန်မာနိုင်ငံတွင် အရောင်းရဆုံး၊ လူသုံးအများဆုံး သာလွန်အင်္ဂလိပ်-မြန်မာ အဘိဓာန်တို့ကို မိုဘိုင်းလ်ဖုန်းပေါ်၌ အသုံးပြုနိုင်သော မိုဘိုင်းလ်ဖုန်း အဘိဓာန် အကြောင်း စသည့် မိုဘိုင်းလ်ဖုန်းတွင်အသုံးပြုနိုင်သည့် စနစ်များကို ထည့်သွင်းခင်းကျင်း ပြသထားသည်။

သို့ဖြစ်ပေရာ အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မျိုးဆက်သစ်လူငယ်များသည် အိုင်တီနည်းပညာရှင်များ ပိုမိုဖြစ်ထွန်း လာရေးအတွက် နောက်ဆုံးပေါ်နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၈-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။	မြန်မာစာ မြန်မာစကား
၄း၃၅	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၂၀	၇။	စိုက်ပျိုးသုတ
၅း၃၀	၈။	ဗွီစီဒီ ကျော်ကြားတေးများ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေး တေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	သွက်လက်လှုပ်ရှား ကစားစို့လား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရက်ဦးအချစ်** (အပိုင်း-၁၆)

ကန္ဒရဝတီ ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

လွိုင်ကော် ဒီဇင်ဘာ ၂၇

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကန္ဒရဝတီဂေါက်ကွင်းတွင် ဒီဇင်ဘာ ၁၃ ရက်က ဦးအောင်ဖြိုးကျော်သည် ကစားဖော်များဖြစ်သည့် ဦးဝဏ္ဏဇော်၊ ဦးကျော်ဝင်း၊ ဦးကျော်လွင်၊ ဦးအောင်ကျော်ဆန်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 (2) ဘောလုံးကို Callaway No(8) အမျိုးအစားဂေါက်တုတ်ဖြင့် ရိုက်ရာ ကိုက် ၁၄၀အကွာရှိ ကျင်းအမှတ်-၁၃ (Green) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မန္တလေးတောင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု

မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဒီဇင်ဘာ ၂၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၂ရက် နံနက် ၈နာရီခွဲက မန္တလေးတောင် စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရေတင်စက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ပူဇော် လှူဒါန်းသည်။ ထို့နောက် မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုကို ဆုတောင်းပြည့် ရင်ပြင်မှ ကြည့်ရှုစစ်ဆေး ရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူးက တောင်တော်ဧရိယာတွင် အရိပ်ရသစ်ပင်များ၊ မျက်စိပသာဒ အလှပင်များ၊ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍လည်းကောင်း၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနခွဲမှူးက မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး အတွက် ၁၉၉၃ခုနှစ်မှစတင်၍ နန်းမြို့ ကျုံးရေကိုစုပ်ယူပြီး ရေတွန်းစက်ရုံ ခြောက်ရုံမှ ရေတင်စက်ကိုးလုံးဖြင့် ရေပန်း ၂၆၇ခု၊ ရေပန်းဖွား ၄၅ခုဖြင့် ရေပေးဝေ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

လေ့လာစေနိုင်ရေး

ထို့နောက် မြို့တော်ဝန်က မန္တလေး တောင်သည် မန္တလေးမြို့၏ အထင်ကရ နေရာ၊ မန္တလေးမြို့၏သင်္ကေတဖြစ်သဖြင့် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းဥယျာဉ် နှင့် ကစားကွင်းများဌာနမှ အရိပ်ရသစ်ပင် များ၊ မျက်စိပသာဒအလှပင်များ၊ ရောင်စုံ ပန်းအလှပင်များကို ရာသီအလိုက် စိုက်ပျိုး သွားရန်လိုကြောင်း၊ စိုက်ပျိုးပြီး သစ်ပင် ပန်းမန်များ ရှင်သန်ရေးအတွက် ရေနှင့် သန့်ရှင်းမှုဌာနမှ စဉ်ဆက်မပြတ် ရေပေးဝေ နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ် ကြောင်း၊ မန္တလေးတောင်ခြေ အရှေ့ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့ရှိ မြေလွတ် များတွင် စိုက်ပျိုးနိုင်ပါက စိန်ပန်းနီ၊ စိန်ပန်းပြာပင်များနှင့် ရတနာတန်းဝင် ကျွန်းပင်များ တိုးချဲ့စိုက်ပျိုးသွားရန် လို ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (၂၁၂)

မီးဘေး ကြိုတင်ကာကွယ်ရေး ရွှေဘို၌ သရုပ်ပြလေ့ကျင့်

ရွှေဘို ဒီဇင်ဘာ ၂၇

မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်း သတ်မှု သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပွဲကို ဒီဇင်ဘာ ၁၀ရက်က ရွှေဘိုမြို့ မြန်မာ့ ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီ အရောင်းဆိုင် အမှတ် (၀၆၄၈) တွင် ကျင်းပသည်။

သရုပ်ပြသ

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးမျိုးအောင်၊ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာ ဦးပေါင်ရှင်းမုန်၊ စက်သုံးဆီ အရောင်းဆိုင်ဝန်ထမ်းများနှင့် မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်က မီးဘေးကြိုတင် ကာကွယ်ရေးနှင့်ပတ်သက်ပြီး အကျယ် တဝင့် ရှင်းလင်းပြောကြားပြီး မီးသတ် တပ်ဖွဲ့ဝင်များနှင့်စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများက ပေါင်ဒါမီးသတ်ဆေးဘူး များဖြင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသ သည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်အစိုးရကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိထုတ်ဝေ ရောင်းချနေသော သုံးနှစ်နှင့် ငါးနှစ် အစိုးရငွေတိုက်စာချုပ်များအပြင် နှစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ထပ်မံတိုးချဲ့ ထုတ်ဝေရောင်းချမည်ဖြစ်ရာ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

အစိုးရငွေတိုက်စာချုပ် အမျိုးအစားများနှင့် အတိုးနှုန်းများမှာ သက်တမ်း နှစ်နှစ် တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၀ ဒသမ ၅ရာခိုင်နှုန်း၊ သက်တမ်း သုံးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၀၀ရာခိုင်နှုန်းနှင့် သက်တမ်း ငါးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၅ရာခိုင်နှုန်းဖြစ်သည်။

အတိုးငွေများကို နှစ်ဝက်တစ်ကြိမ် ထုတ်ပေးမည်ဖြစ်ပြီး နှစ်စဉ် မတ် ၁၅ရက်နှင့် စက်တင်ဘာ ၁၅ရက်တို့တွင် ထုတ်ယူနိုင်သည်။ ထို့အပြင် စာချုပ်များကို လွှဲပြောင်း ရောင်းချခွင့်ရှိသည်။

အစိုးရငွေတိုက်စာချုပ်များကို နေပြည်တော်၌ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) (နေပြည်တော်) ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၂၁/၂၅) ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄)တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ (၂)၊ (၃)တို့တွင်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် က သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

မြန်မာ့လွတ်လပ်ရေးကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်

သိမ့် (စီးပွားရေးတက္ကသိုလ်)

"လွတ်လပ်ရေး" ဟူသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်သည်။ လွတ်လပ်သောနိုင်ငံဟူသည် အခြားတစ်ပါး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် မိမိနိုင်ငံ၏ နယ်ပယ်အတွင်း ယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများနှင့်အညီ ကိုယ့်ကြမ္မာကို ကိုယ်တိုင်ဖန်တီးခွင့်ရှိသည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာဟူသည့် အာဏာ(၃)ရပ်ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိခြင်းပင် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် ကောင်းမြတ်သောရေခံမြေခံနှင့် ဘူမိနက်သန်မှန်ကန်လှသော နယ်နိမိတ်၊ ဥတုရာသီ သဘာဝညီညွတ်မျှတ၍ ဆီနှစ်သြဇာ ပြည့်စုံလှသော မြေကောင်းမြေမွန်၊ မြေပေါ်မြေအောက် သဘာဝသယံဇာတပေါကြွယ်ဝ၍ အလျှံပယ်မျှကုံလုံလှသည့် ဒေသဋ္ဌာနီ၊ ရွှေရည်၊ ကောက်ပဲသီးနှံနှင့် ရတနာအများစုစည်းထားရာ မြေပဒေသာဖြစ်သည်။

ဤသို့ သာယာတင့်တယ်ပြည့်စုံကြွယ်သည့် မြန်မာနိုင်ငံဝယ် မြန်မာတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကိုယ့်ယဉ်ကျေးမှု၊ စာပေနှင့် ဘာသာစကားတို့ဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်တင့်တယ်စွာ ရပ်တည်ခဲ့သည်။ မြန်မာ့သမိုင်း ရာဇဝင်တစ်လျှောက်တွင်လည်း ပုဂံခေတ် အနော်ရထာမင်းတရားကြီး (၁၀၄၄-၁၀၇၇)သည် ပထမမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီး (၁၅၅၁-၁၅၈၁)သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး (၁၇၅၂-၁၇၆၀)သည် တတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း ထူထောင်ခဲ့ကြသည့် အစဉ်အလာကောင်းများ အထင်အရှားရှိခဲ့ပေသည်။

ထိုထိုသော ကောင်းခြင်းဂုဏ်အင်အဖြာဖြာနှင့် ပြည့်စုံလှသော ကျွန်ုပ်တို့၏ မြန်မာပြည်ထောင်စုကြီးသည် နယ်ချဲ့ဝါဒနှင့် အရင်းရှင်စီးပွား လောဘရမ္မက်ဆိုးကြောင့် ထီးကျိုး၊ စည်ပေါက်သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရပါသည်။

၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ကြီးအပြီး၌ ရခိုင်နှင့် တနင်္သာရီ၊ အာသံ၊ မဏိပူရဒေသများ၊ ၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ ဟံသာဝတီနှင့် ပဲခူးအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၊ ၁၈၈၅ ခုနှစ် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ မန္တလေးရတနာပုံအပါအဝင် အထက်မြန်မာပြည်တို့ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပေသည်။ မြန်မာတို့၏ အချုပ်အခြာအာဏာ ဆိတ်သုဉ်း ပျောက်ကွယ်ခဲ့ရလေသည်။

ထိုသို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရုံသာမက တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးတို့ နိမ့်ကျလာခဲ့ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားစရိုက်လက္ခဏာများပါ ညှိုးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်။ ဤသို့သော နယ်ချဲ့လက်အောက်ခံသူ့ကျွန်ဘဝဖြစ်ရပ်ဆိုးများနှင့် အနိဋ္ဌာရုံများသည် နာကြည်းခါးသီးဖွယ် အတိဖြစ်၏။ မည်သည့်အခါမှ မေ့ပျောက်နိုင်ဖွယ်မရှိတော့ပေ။

မြန်မာ့သမိုင်းတစ်လျှောက် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးပြန်လည်ရရှိရန် ခက်ခဲလှသကဲ့သို့ မျက်မှောက် ပစ္စုပ္ပန်ကာလတွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မဆုံးရှုံးရလေအောင် ထိန်းသိမ်းရေးမှာလည်း နက်နဲသိမ်မွေ့လှပေသည်။

သူ့ကျွန်အဖြစ် နှံ့နှစ်မခံလိုသော မျိုးချစ်မြန်မာ့ သူရဲကောင်း ပြည်ထောင်စုသားအပေါင်းတို့သည် ရရာလက်နက်စွဲကိုင်၍ အသက်ဝိညာဉ်သွေးချွေးများစွာကို စတေးကာ တိုက်ပွဲဝင်ခဲ့ကြပါသည်။ မြင့်မြတ်ခိုင်ကျည်လှစွာသော မျိုးချစ်စိတ်ဓာတ်၊ မဆုတ်မနစ်သောဇွဲ၊ ရဲရဲနီသော မြန်မာ့သတ္တိ သွေးတို့ကိုပြ၍ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကို ပြန်လည်ရရှိရန် မြန်မာတို့ ကြိုးပမ်းရာတွင် နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်ခဲ့ပေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကောင်းတူဆိုးဖက်၊ အေးအတူ ပူအမျှ၊ သေအတူ ရှင်မကွာ လက်ချင်းယှက်ကာ စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့ခြင်းကြောင့်သာလျှင် လွတ်လပ်ရေးအောင်ပန်းကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီ မိနစ် ၂၀တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ လွတ်လပ်ရေးနေ့ နံနက်ခင်းတွင် နိုင်ငံတော်သီချင်းသံနှင့်အတူ ဘင်ခရာတီးသံများသည် ဘဝင်တိုင်အောင် သာယာခြင်း၊ ငြိမ့်ညောင်း ခြင်းကြီးစွာ လွင့်ပျံ့နေခဲ့ပေ၏။ လွတ်လပ်ရေးအခါတော် ဂုဏ်ပြုခေါင်းလောင်းသံများ၊ သင်္ဘောဥသြသံများ၊ မီးအိုးဖောက်အိုးသံများမှာ ခြိမ့်ခြိမ့်သဲမျှထွက်ပေါ်လာခဲ့သည်။ အဖြောက်သံများနှင့်အတူ ကောင်းကင်ထက်ဝယ်မီးကျည်၊ မီးပန်းများလည်း ရှုမငြီးအောင် လင်းလက်တောက်ပ နေပေသည်။ မြန်မာ့မြေပေါ်တွင် ကာလများစွာကြာမြင့်အောင် နိုင်လိုမင်းထက် မင်းမူလွှမ်းမိုးခဲ့သော ဗြိတိသျှယူနီယံဂျက်အလံမှာ မြေသို့သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံမှာ တိုင်ထိပ်သို့ တဖြည်းဖြည်းလွင့်တက်ခဲ့သော မြင်ကွင်းမှာလည်း မြန်မာ့သမိုင်းစဉ်အတွက် အားတက်ဖွယ်၊ ဂုဏ်ယူဖွယ်အတိရှိ၏။ တိုင်းချစ် ပြည်ချစ် လူမျိုးချစ်စိတ်များ တဖွားဖွားဖြစ်ပေါ်ကာ အားသစ်၊ မာန်သစ်တို့ကို ပေါ်ထွန်းစေခဲ့၏။

မြန်မာ့သမိုင်းတစ်လျှောက် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးပြန်လည်ရရှိရန် ခက်ခဲလှသကဲ့သို့ မျက်မှောက်ပစ္စုပ္ပန်ကာလတွင် ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မဆုံးရှုံးရလေအောင် ထိန်းသိမ်းရေးမှာလည်း နက်နဲသိမ်မွေ့လှပေသည်။ မျိုးချစ်ပြည်သူတစ်ရပ်လုံး၏ အသက်သွေးချွေးများစွာ စတေး၍ ပြန်လည်ရယူခဲ့ကြသော လွတ်လပ်ရေးအောင်ပန်းကို မိမိတို့လက်ဝယ်ရောက်မှ မဆုံးရှုံးရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် မြန်မာတိုင်းရင်းသားတိုင်း သားစဉ်မြေးဆက် ထမ်းဆောင်ရမည့် မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်၍

"ပြည်ထောင်စု မပြိုကွဲရေး၊
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေး ခံယူချက်အဖြစ် ဦးထိပ်ထားဆောင်ရွက်လျက် နိုင်ငံတော်၏ အခြေအနေနှင့် ကိုက်ညီသော ဦးတည်ချက်(၁၂)ရပ်ကိုလည်း အောင်မြင်မှုရရှိစေရန် ကြိုးပမ်းကြရပေမည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးသည့် ၁၉၄၈ ခုနှစ်ကပင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့ပါသည်။ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၏အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခိုင်မာစွာ ရပ်တည်လျက် ရှိနေပါသည်။ တစ်ဖက်မှလည်း နိုင်ငံတော်၏ ရေမြေသဘာဝနှင့်ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာမှုများခြုံလွှမ်းပြီး ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးစည်ပင်မှု ရလဒ်ကောင်းများဖြစ်တည် ထွန်းကားလျက်ရှိပေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များအဖြစ် တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဆက်လက်၍လည်း ပြည်သူတစ်ရပ်လုံး၏ စစ်မှန်သော အကျိုးစီးပွားအတွက် ပြည်သူ့ဆန္ဒနှင့်အညီ စည်းကမ်းပြည့်ဝ၍ စစ်မှန်သောဒီမိုကရေစီ နိုင်ငံတော်ကြီးဟူသည့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို ရှေးရှုချီတက်လျက်ရှိပါသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီများ၏ ခေတ်သစ်ကျွန်ပြုခြင်းနည်းလမ်းစနစ်ဖြင့် လွှမ်းမိုးမှုမခံရစေရန် အစဉ် သတိပြုရပေမည်။ တစ်ဖက်မှလည်း မိမိတို့နိုင်ငံတော်၏ ပြည်တွင်းအရေးကိစ္စများကို မိမိတို့ပြည်တွင်း စည်းလုံးညီညွတ်မှုဖြင့်သာ မှန်ကန်စွာဖြေရှင်းနိုင်ကြပေမည်။ လွတ်လပ်ရေး၏ အနှစ်သာရနှင့်အညီ မိမိတို့တိုင်းပြည်နှင့် လူမျိုး၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင်မှန်ကန်စွာ ရွေးချယ်ဖန်တီးကြရပေမည်။

ထိုသို့ဖန်တီးကြရာဝယ် ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာ မှန်ကန်ရင့်ကျက်သော နိုင်ငံရေးအသိအမြင်၊ ကောင်းစွာ ခွဲခြားနိုင်သော ဆင်ခြင်မှုနှင့် ကြံ့ခိုင်သောအမျိုးသားရေးကိုယ်ခံအားတို့နှင့် ပြည့်စုံရန်လည်း လိုအပ်လှပေသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုတို့ရှိပါက နိုင်ငံတော်ကိုထိပါးနှောင့်ယှက်လာမည့် မည်သည့်ပြည်တွင်း ပြည်ပအန္တရာယ်ကိုမဆို တွန်းလှန်ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။

သို့ဆိုလျှင် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ ဖြစ်သည့်-

* **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။**
* **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။**
* **ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။**
* **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး**တို့သည် မြန်မာ့လွတ်လပ်ရေးကို ချစ်မြတ်နိုးကြကုန်သော၊ မြန်မာ့အချုပ်အခြာအာဏာကို လေးစား တန်ဖိုးထားကြကုန်သော မြန်မာနိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များ၊ သမိုင်းပေးတာဝန်များပင် ဖြစ်ကြပေသည်။

မြန်မာတို့သည် လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားတတ်ရုံမျှမက လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သော၊ အမိနိုင်ငံတော်အတွက်ဆိုလျှင် မိမိ၏အသက်ကိုပင် စွန့်လွှတ်စွန့်စားဝံ့သော မျိုးချစ်သူရဲကောင်းများ ဖြစ်ကြပေသည်။ ဤမွန်မြတ်လှစွာသော နိုင်ငံနှင့်လူမျိုးချစ်စိတ်ကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်ရန် ကြိုးပမ်းရပေမည်။ မိမိတို့၏ ဘဝတစ်သက်တာအတွက်သာမက ကမ္ဘာတည်သရွေ့ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်"** သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတော် အဖြစ် အစဉ်ထာဝရတည်ရှိနိုင်စေရေးအတွက် သတိ တရားကြီးစွာထားကာ ကြိုးပမ်းဖော်ဆောင်နေကြရမည် ဖြစ်ပါသည်။ ။

လွတ်လပ်ရေး အောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့

၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက် နံနက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ တိုင်ထိပ်သို့ တဖြည်းဖြည်းလွင့်တက်ခဲ့သော မြင်ကွင်းမှာ မြင်ရသူများအဖို့ တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်များ တဖွားဖွားပေါ်ပေါက်ကာ အားသစ်မာန်သစ်တို့ ပေါ်ထွက်လာစေခဲ့သည်။ (ယာပုံ)မြင့်မြတ် ခိုင်ကျည်လှစွာသော မျိုးချစ်စိတ်ဓာတ်၊ မဆုတ်မနစ်သော ဇွဲ၊ ရဲရဲနီသော မြန်မာ့သတ္တိတို့ကို ပြ၍ လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့၍ မြန်မာမြေပေါ်တွင် ကာလများစွာ ကြာမြင့်အောင် နိုင်လိုမင်းထက်မင်းမူ လွှမ်းမိုးခဲ့သော ဗြိတိသျှယူနီယံဂျက်အလံမှာ မြေပေါ်သို့ သက်ဆင်းခဲ့ရသည်။ (ဝဲပုံ)

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေး ပြည်နယ်ရှိ စီယာနင်မြို့တွင် မြန် နှုန်း မြင့် ရထားတစ်စင်း ခုတ်မောင်းလျက် ရှိသည်ကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

တရုတ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ယွမ် ၇၁၆ ဘီလီယံကျော် အသုံးပြုရန်လျာထား

ပေကျင်း ဒီဇင်ဘာ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လယ်ယာကဏ္ဍအပါအဝင် ကျေးလက်ဒေသများနှင့် တောင်သူလယ်သမားများအတွက် ယခုနှစ် အသုံးစရိတ်ကို ယွမ်ငွေ ၇၁၆ဒသမ၁ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၀၄ဒသမ၈ဘီလီယံ) သတ်မှတ်လျာထားကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ရက်၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်ဖော်ပြသည်။

ယင်းအသုံးစရိတ် လျာထားချက်သည် ၂၀၀၈ ခုနှစ်ကထက် ယွမ်ငွေ ၁၂၀ ဒသမ ၅၉ ဘီလီယံပိုနေသေးကြောင်း၊ ယင်းငွေသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်တည်ငြိမ်နေစေရန်နှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးစေရန် အထောက်အကူပြုကြောင်းဖြင့်လည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဆက်နွယ်သည့် ထိုအမတော်ကြေးတွင် စားနပ်ရိက္ခာ၊ လယ်ယာသုံးကိရိယာ၊ မျိုးစေ့အပြင် စိုက်ပျိုးရေးကဏ္ဍသုံး စက်ယန္တရားများအတွက် အမတော်ကြေးများပါဝင်ကြောင်း၊ ယင်း ၂၀၀၉ခုနှစ်အတွက် အမတော်ကြေး သတ်မှတ်ချက်မှာ ယွမ်ငွေ ၁၂၃ဒသမ၀၈ ဘီလီယံရှိပြီး နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ၁၉ဒသမ၄ရာခိုင်နှုန်း ပိုလာကြောင်းဖြင့်လည်း ယင်းကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်၌ အလုပ်လက်မဲ့နှုန်း မြင့်တက်လာ

တိုကျို ဒီဇင်ဘာ ၂၇

ဂျပန်နိုင်ငံ၌ အောက်တိုဘာလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ နိုဝင်ဘာလတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ဒီဇင်ဘာ ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

မြင့်တက်

နိုဝင်ဘာလအတွင်း အလုပ်လက်မဲ့နှုန်း မြင့်တက်မှုမှာ ပြီးခဲ့သည့်လေးလအတွင်း ပထမဆုံးအကြိမ် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

စီးပွားရေးအဆောက်အအုံ

စင်ကာပူနိုင်ငံ စီးပွားရေးဇုန်တွင် မရီနာဘေးစန်းကုမ္ပဏီမှ တည်ဆောက်ဆဲ စီးပွားရေးအဆောက်အအုံကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယသမုဒ္ဒရာ ဆူနာမီအထိမ်းအမှတ် ငါးနှစ်မြောက် အခမ်းအနားကျင်းပ

ဗန်ကောက် ဒီဇင်ဘာ ၂၇

အိန္ဒိယသမုဒ္ဒရာတစ်ဝှမ်းရှိ နိုင်ငံများသည် လူပေါင်း ၂၅၀၀၀၀နီးပါး သေကျေပျက်စီးခဲ့ရသည့် အလွန်ဆိုးရွားသော ဆူနာမီဘေးအန္တရာယ်ဆိုးကြီး ကျရောက်ခဲ့ခြင်း၏ ငါးနှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို ကျင်းပကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆုတောင်း

လူပေါင်း ၁၇၀၀၀၀နီးပါး အသက်ဆုံးရှုံးခဲ့ရသော အင်ဒိုနီးရှားနိုင်ငံ အာဆေးပြည်နယ်၌ ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ကြသည်ဟု သတင်းရရှိသည်။ ထိုင်းနိုင်ငံ ဖန်ငကမ်းခြေအပန်းဖြေစခန်းတွင် ဆူနာမီကပ်ဆိုးကြီးကြောင့် သေဆုံးသွားရသူများအား အလှူဒါနပြု အမျှပေးဝေကြသည်။

ကျင်းပ

ဆူနာမီဒီရေလှိုင်းများဒဏ် အကြီးအကျယ်ခံစားခဲ့ရသည့် နိုင်ငံများတွင်လည်း အလားတူ အခမ်းအနားများ ကျင်းပကြသည်။ **(အင်တာနက်)**

လေယာဉ်ဖောက်ခွဲရန် ကြံစည်မှု နိုင်ဂျီးရီးယားအစိုးရ တုန်လှုပ်

အဘူဂျာ ဒီဇင်ဘာ ၂၇

အမေရိကန် လေကြောင်းလိုင်းကို အကြမ်းဖက်ဖောက်ခွဲရန် ကြံစည်ခဲ့သည်ဆိုသောသတင်းကို ကြားသိရ၍ တုန်လှုပ်ချောက်ချားမိကြောင်း နိုင်ဂျီးရီးယားဖက်ဒရယ်အစိုးရက ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ဖော်ကြေညာသည်။ နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာမြို့တွင် နိုင်ဂျီးရီးယား ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဒိုရာအကူညီလီက ထုတ်ပြန်သည့်ကြေညာချက်၌ ယင်းကဲ့သို့ ဖော်ပြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ပန်တာအန့်ချ် ဒေသ၌ ဆူနာမီနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဆူနာမီ သရုပ်ဖော်ပြတိုက်ကို တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယအနောက်ပိုင်း၌ တံတားတစ်စင်းကျိုးကျ

နယူးဒေလီ ဒီဇင်ဘာ ၂၇

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာစသန်ပြည်နယ်၌ ဒီဇင်ဘာ ၂၆ရက်က တံတားတစ်စင်းကျိုးကျသဖြင့် အနည်းဆုံး ၄၅ဦး ရေနစ်သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စေလွှတ်

အဆိုပါတံတားမှာ ရာဂျာစသန်ပြည်နယ် ကိုတာမြို့အနီး၌တည်ရှိပြီး အသက်မသေ ကျန်ရစ်သူများအား ရှာဖွေရန် ရေငုပ်သမားများကို အစိုးရက စေလွှတ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ဖိလစ်ပိုင်ကမ်းလွန်၌ ကူးတို့ရေယာဉ်နစ်မြုပ်

မနီလာ ဒီဇင်ဘာ ၂၇

ဖိလစ်ပိုင်နိုင်ငံ ဘာတန်ဂါပြည်နယ် ဗာဒီကျွန်းဆန်အဂါပီတိုကမ်းလွန်တွင် ဒီဇင်ဘာ ၂၆ရက်ညက ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်သွားရာမှ အလောင်းလေးလောင်းထက်မနည်းကို ဒီဇင်ဘာ ၂၇ရက်က ပြန်လည်ရှာဖွေတွေ့ရှိကြောင်း သတင်းရရှိသည်။

(အင်တာနက်)

ကမ္ဘာအနှံ့ရှိ အစ္စရေးသံအမတ်များ အစ္စရေးအစိုးရ ဆင့်ခေါ်ခဲ့

ဂျေရုဆလင် ဒီဇင်ဘာ ၂၇

အစ္စရေးနိုင်ငံကြုံတွေ့ရသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် ညီလာခံသို့ တက်ရောက်ရန် ကမ္ဘာတစ်ဝန်းရှိ အစ္စရေးသံအမတ်ကြီးများနှင့် ကောင်စစ်ဝန်ချုပ်များကို အစ္စရေးနိုင်ငံခြားရေးဌာနက ဆင့်ခေါ်လိုက်သည်။

ကျင်းပ

ညီလာခံမှာ ဒီဇင်ဘာ ၂၇ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အစ္စရေး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး လိုက်ဘာမင်း ဦးဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနက လက်ခံကျင်းပမည်ဖြစ်သည်။

ဆင့်ခေါ်

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ဂါဇာဆိုင်ရာကော်မရှင်၏အစီရင်ခံစာမှာ အစ္စရေးနိုင်ငံကို တကယ်ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားစဉ် အထက်ပါအတိုင်း အစ္စရေးသံအမတ်ကြီးများနှင့် ကောင်စစ်ဝန်ချုပ်တို့ကို ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံသား ငါးဦး ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးခံထားရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၇

တာလီဘန်တို့နှင့်ဆက်စပ်နေသည့် အကြမ်းဖက်သမားများဟု စွပ်စွဲခံနေရပြီး ပါကစ္စတန်နိုင်ငံတွင် ဖမ်းဆီးခံနေရသော အမေရိကန်နိုင်ငံသားငါးဦး ရာဇဝတ်မှုဖြင့် တရားစွဲဆိုရဖွယ်ရှိနေကြောင်း ပါကစ္စတန် မီဒီယာများတွင် ဖော်ပြထားသည်။

စုံစမ်းစစ်ဆေး

ထိုအမေရိကန် အကြမ်းဖက်သမားဟု မသင်္ကာသူများသည် အကြမ်းဖက်လုပ်ရပ်အတွက် သင်တန်းတက်နေသူများဖြစ်ပြီး အကြမ်းဖက်အုပ်စုများတွင် ပါဝင်လှုပ်ရှားရန် ရည်ရွယ်ချက်ရှိသူများလည်းဖြစ်သည်ဟု ပါကစ္စတန်ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များက သတ်မှတ်ကြောင်းဖြင့်လည်း ဖော်ပြထားသည်။

အဆုံးအဖြတ်

ထိုမသင်္ကာသူများအား တရားစွဲဆိုမည် မစွဲဆိုမည်ဆိုသည်ကို ပါကစ္စတန်တရားရုံးက အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် နယူးပေါ့ကမ်းခြေ၌ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်ခွင် ၂၀၀၉ ခုနှစ် သတင်းအနှစ်ချုပ်ရပါလျှင်. . . .

ဤအချိန်ကာလသည် ၂၀၀၉ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀သို့ နှစ်သစ်ကူးတော့မည့် အခါသမယ ဖြစ်သည်။ ၂၀၀၉ခုနှစ်သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ရာစုနှစ်၏ ပထမဆယ်နှစ်အတွင်းတွင်လည်းကောင်း ထူးခြားသည့်နှစ် ဖြစ်သည်-

(ယမန်နေ့မှအဆက်)

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

ဘာသာစကားများ

ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းမပြုလျှင် တိမ်ကောသွားနိုင်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးလိုက်ပြီး မထိန်းသိမ်းပါက ကမ္ဘာတစ်ဝန်းတွင် လက်ရှိပြောဆိုနေကြသည့် ဘာသာစကားများအနက် အမျိုးပေါင်း ၅၉၀၀တို့မှာ ၂၁ရာစုနှစ်မကုန်မီ ပျောက်ကွယ်သွားနိုင်သည်ဟု ၂၀၀၉ခုနှစ် မေလ ၁၂ရက်က ကြေညာသည်။

ကမ္ဘာတစ်ခွင် ပြောဆိုသုံးစွဲသည့် ဘာသာစကား ၆၅၀၀ ရှိသည့်အနက် ထိုအချိန် ထိုအခါရောက်လျှင် ဘာသာစကားအမျိုးပေါင်း ၆၀၀ခန့်သာ ရှင်သန်သုံးနှုန်းပြောဆိုကြတော့မည်ဟုလည်း နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ ကြေညာချက်ထုတ်ပြန်ကာ ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးလိုက်ပြီး နိုင်ငံအစိုးရများအနေဖြင့် ကြိုတင်စီမံဆောင်ရွက်ရန်လည်း တိုက်တွန်းလိုက်သည်။

ကမ္ဘာ့လူဦးရေ

၂၀၀၉ခုနှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၆၈၀၃သန်းရှိလာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လူဦးရေအများဆုံးဖြစ်သည်။ အာရှတိုက်၏လူဦးရေမှာ သန်း ၄၀၀၀ ကျော်ရှိသည့်အတွက် လူဦးရေအများဆုံးတိုက်ကြီးဖြစ်သည်။

ကမ္ဘာ့လူဦးရေမှာ ၁၉၂၇ ခုနှစ်က သန်း ၂၀၀၀၊၂၀၀၀ပြည့်နှစ်တွင် သန်း၄၀၀၀ ရှိရာမှ ယခုအခါ ၆၈၀၃သန်း သို့ရောက်ရှိလာခြင်းဖြစ်သည်။ နောက် ၁၅နှစ်ကြာသောအခါ သန်း ၈၀၀၀အထိ မြင့်တက်လာမည်ဟုခန့်မှန်းထားသည်။

နေရာယူ

လူဦးရေတိုးနှုန်းမြင့်မားခြင်းတွင် ဆိုးကျိုးရောကောင်းကျိုးပါ ရှိနေသည်။ လူဦးရေများပြားသည့် နိုင်ငံများက မိသားစုစီမံကိန်းချ ကန့်သတ်မှုမှာ မဆန်းသကဲ့သို့ အခြားသောအမြင်၊ အခြားသောအခြေအနေများကြောင့် လူဦးရေကျဆင်းသည့်နိုင်ငံများကိုလည်း တွေ့ရှိနိုင်သည်။ ဥပမာ-လောလောဆယ်တွင် ဥရောပမှ ဘူလ်ဂေးရီးယားနိုင်ငံ၏ လူဦးရေမှာ ၃၅ ရာခိုင်နှုန်းကျဆင်းပြီး အာဖရိကတိုက်မှ ဆွာဇီလန်နိုင်ငံ၏ လူဦးရေမှာလည်း ၃၃ရာခိုင်နှုန်း ကျဆင်းကာ အာရှတိုက်မှ ဂျပန်နိုင်ငံ၏လူဦးရေမှာ ၂၅ရာခိုင်နှုန်း ကျဆင်းလျက် လူဦးရေကျဆင်းမှု၌ ထိပ်ဆုံးမှနေရာယူထားကြသည်ကို တွေ့ရသည်။

လူဦးရေတိုးနှုန်းအမြင့်မားဆုံးနိုင်ငံမှာ အာဖရိကတိုက်မှ ယူဂန္ဓာနိုင်ငံဖြစ်သည်။

အများဆုံး

လက်ရှိအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လူဦးရေ သန်း ၂၄၀၀ဖြင့် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံအဖြစ် ထိပ်ဆုံးမှနေရာယူထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၉၉၀ပြည့်နှစ်မှ စတင်ကာ အမျိုးသမီးတစ်ဦးလျှင် ၂ ဒသမ ၂ရာခိုင်နှုန်း မွေးဖွားနှုန်းရှိခဲ့ပြီး ယခုအခါ ၁ ဒသမ ၆ ရာခိုင်နှုန်းသာ မွေးဖွားစေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နှစ်စဉ်မွေးဖွားနှုန်း သုည ဒသမ ၅ရာခိုင်နှုန်းအထိ လျှော့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သုံးသပ်

ထိုအချိန်အတိုင်းအတာ၌ပင် အိန္ဒိယနိုင်ငံတွင် အမျိုးသမီးတစ်ဦးလျှင် ၂ ဒသမ ၇ရာခိုင်နှုန်းဖြင့် မွေးဖွားလျက်ရှိသည်။ ဤနှုန်းအတိုင်းဆိုလျှင် ၂၀၂၅ခုနှစ်အရောက်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျော်တက်သွားနိုင်ကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုက ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၅ရက်၌ သုံးသပ်ထုတ်ပြန်သည်။

ရွေးချယ်တင်မြှောက်ခြင်း

၂၀၀၉ခုနှစ် ဇန်နဝါရီ၆ ရက်က ဘင်္ဂလားဒေ့ရှ်သမ္မတအိမ်တော်၌ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်သစ် ရှိတ်ဟာဆီနာနှင့် ၄င်း၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

ရှိတ်ဟာဆီနာသည် ၁၉၉၆ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရှိတ်ဟာဆီနာ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံလိုက်သောအခါ နှစ်နှစ်သက်တမ်းရှိ ကြားဖြတ်အုပ်ချုပ်ရေးအပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ ပြီးဆုံးသွားပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယင်းသို့ချောမွေ့စွာ အာဏာလွှဲပြောင်းနိုင်မှုကို ဥရောပသမဂ္ဂ(အီးယူ)က ချီးကျူးကြောင်း အီးယူဥက္ကဋ္ဌ ချက်သမ္မတနိုင်ငံက အကြောင်းကြားသည်။

တက်ရောက်

ဇန်နဝါရီ ၃၁ရက်က ဂျီဘူတီစီးတီး၌ ကျင်းပသည့် ဆိုမာလီပါလီမန်အစည်းအဝေးက ရှိတ်ရှရစ်ဖ်ရှိတ်အာမက်အား ဆိုမာလီသမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ဆိုမာလီသမ္မတသစ် ရှိတ်ရှရစ်ဖ်ရှိတ်အာမက်ထံ ဝမ်းမြောက်ဝမ်းသာကြိုဆိုဂုဏ်ပြုကြောင်း အာဖရိကသမဂ္ဂ(အေယူ)က သဝဏ်လွှာပို့ ချီးကျူးလိုက်သည်။ အီသီယိုးပီးယား နိုင်ငံ အဒစ်အဘာဘာမြို့၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင်ကျင်းပသည့် (၁၂)ကြိမ်မြောက် အေယူထိပ်သီးအစည်းအဝေးသို့ သမ္မတအာမစ်သည် ဆိုမာလီနိုင်ငံကို ကိုယ်စားပြု တက်ရောက်ခွင့်ရခဲ့သည်။

၂၀၀၉ခုနှစ် ဇူလိုင် ၈ ရက်တွင် အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲကျင်းပသည့်အခါ လက်ရှိသမ္မတ ဗိုလ်ချုပ်ကြီးဟောင်း ယူဒိုယိုနို တစ်ကြိမ်တည်းဖြင့် မဲအပြတ်နိုင်ကာ အောင်ပွဲခံလိုက်သည်။ အလားတူပင် ၂၀၀၉ခုနှစ်အတွင်းကျင်းပသည့် ရွေးကောက်ပွဲများအနက် အိန္ဒိယရွေးကောက်ပွဲနှင့် အီရန်ရွေးကောက်ပွဲများမှာ ထင်ရှားသည့် ရွေးကောက်ပွဲများဖြစ်ပြီး ထိုရွေးကောက်ပွဲ အားလုံး၌ပင် အာဏာရပုဂ္ဂိုလ်တို့က အနိုင်ရသည့် ရွေးကောက်ပွဲများ ဖြစ်ခဲ့သည်။

ကိုးကား-အင်တာနက်

(ဆက်လက်ဖော်ပြပါမည်)

အင်ဒိုနီးရှားသမ္မတအဖြစ် ပြန်လည် ရွေးကောက်ခံရသော ဆူစီလိုဘန်ဘန်း ယူဒိုယိုနို။

ကမ္ဘာပေါ်၌ လူဦးရေအများဆုံးမြို့ဖြစ်သော တရုတ်နိုင်ငံမှ လူနေအထူထပ်ဆုံး ချုံကင်းမြို့ မြင်ကွင်းကို တွေ့ရစဉ်။

ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းမပြုလျှင် တိမ်ကောသွားနိုင်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးလိုက်ပြီး မထိန်းသိမ်းပါက ကမ္ဘာတစ်ဝန်းတွင် လက်ရှိပြောဆိုနေကြသည့် ဘာသာစကားများအနက် အမျိုးပေါင်း ၅၉၀၀ တို့မှာ ၂၁ရာစုနှစ်မကုန်မီ ပျောက်ကွယ်သွားနိုင်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

ညစ်ညမ်းစေသည့်စက်ရုံများ ငွေထုတ်ချေးမှုကန့်သတ်

ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်သည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့အတွက် ပဏာမအစီအစဉ်တစ်ရပ်အနေဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေသည့်စက်ရုံများကို ထုတ်ချေးငွေထိန်းချုပ်ထားရန် ဆုံးဖြတ်လိုက်ကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ထိပ်တန်းသတင်းစာ သည်ဒေလီစတားတွင် ဒီဇင်ဘာ ၂၇ရက်က ဖော်ပြသည်။

နော်ဝေတပ်ဖွဲ့ဝင်များ ချဒ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းမည်

ချဒ်နိုင်ငံတွင်ချထားသည့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော နော်ဝေတပ်ဖွဲ့ဝင်အားလုံးကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း၊ အဆိုပါတပ်ဖွဲ့သည် ၂၀၁၀ခုနှစ် မေ ၁၅ရက်၌ တာဝန်ပြီးဆုံးသည့်အခါ ယင်းကဲ့သို့ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း နော်ဝေကာကွယ်ရေးဝန်ကြီး ဂရီတီဖာရီမိုက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်ဟာတိုယာမ အိန္ဒိယဝန်ကြီးချုပ်နှင့် ဆွေးနွေးမည်

ဂျပန်ဝန်ကြီးချုပ်ယူကီယိုဟာတိုယာမသည် နယူးဒေလီမြို့၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် တိုကျိုမြို့မှအိန္ဒိယနိုင်ငံသို့ ဒီဇင်ဘာ ၂၇ ရက်က ထွက်ခွာသွားကြောင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အနောက်အုပ်စုလေဆိပ်များ လုံခြုံရေးတိုးမြှင့်ချထားရ

အမေရိကန်ပြည်ထောင်စုသို့ ဦးတည်ပျံသန်းနေသည့် လေယာဉ်တစ်စင်း ဒီဇင်ဘာ ၂၅ရက်က လေဆိပ်သို့ ဆင်းသက်နေစဉ် ထိုလေယာဉ်ကို အသက် ၂၃နှစ်အရွယ် လူငယ်တစ်ဦးက ဖောက်ခွဲရန်ကြိုးစားခဲ့ပြီးနောက် အနောက်အုပ်စုနိုင်ငံများရှိ လေဆိပ်များ၌ ဒီဇင်ဘာ ၂၆ ရက်တွင် လုံခြုံရေးတိုးမြှင့်ချထားရသည်။

အမှိုက်ခွန်ပေးရေးကိစ္စ တရုတ်ဖိနပ်ချုပ်သမားများ မေတ္တာရပ်ခံ

ဒီဇင်ဘာ ၂၆ရက်က တရုတ်သားရေဖိနပ်များအပေါ် အမှိုက်ခွန်ပေးဆောင်ရေးကိစ္စကို နောက်ထပ်၁၅လတိုးချဲ့ခြင်းနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂ(အီးယူ)၏ အတည်ပြုချက်ကို လက်မခံဘဲ ဆန့်ကျင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)ကို မေတ္တာရပ်ခံပေးရန် အဓိက တရုတ်သားရေဖိနပ်ချုပ်သမားများက တရုတ်အစိုးရကို တိုက်တွန်းလိုက်သည်။

ရုရှားသို့စင်းလုံးငှားလေယာဉ်ပျံသန်းနေမှု ဂျော်ဂျီယာ အစီအစဉ်ဖျက်သိမ်း

ဂျော်ဂျီယာလေကြောင်းလိုင်း အဲယားဇီနာသည် ဒီဇင်ဘာ ၂၆ရက်နှင့် ၂၇ရက်များတွင် မော်စကိုမြို့သို့ စင်းလုံးငှားလေယာဉ်ပျံသန်းမှု အစီအစဉ်များကို ဖျက်သိမ်းလိုက်ကြောင်း အဆိုပါလေကြောင်းလိုင်းက ဒီဇင်ဘာ ၂၅ရက်တွင် ကြေညာသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဗုံးပေါက်ကွဲ သုံးဦးသေဆုံးပြီး လူအချို့ဒဏ်ရာရ

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဒီဇင်ဘာ ၂၇ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။(အောက်ပုံ) (အင်တာနက်)

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့ အင်္ဂမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ၂၀၀၉နှင့် ရတနာပုံ ဆိုက်ဘာဟောတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အမှုဆောင်များ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ အိုင်စီတီကုမ္ပဏီများမှ တာဝန်ရှိသူ

များ၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က အင်္ဂမအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော် ၂၀၀၉နှင့် ရတနာပုံဆိုက်ဘာဟောတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရတနာပုံ ဆိုက်ဘာဟောခန်းမအတွင်း ပြည်တွင်းပြည်ပကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် အိုင်တီနည်းပညာပစ္စည်းများ၊ ကုမ္ပဏီအလိုက် ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

အင်္ဂမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ၂၀၀၉ ကို ဒီဇင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၅၀ ကျော်တို့က ပြခန်းပေါင်း ၄၀ကျော် ဖွင့်လှစ်ပြသမည်ဖြစ်ပြီး နည်းပညာပြခန်းများနှင့်အတူ ICT ဆိုင်ရာပြပွဲများ၊ ICT Gadget Show, ICT Quiz , ICT Entertainment, Special ICT Lucky Draw တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့်အပြင် ICT ပညာရပ်ဆိုင်ရာ Seminar နှင့် Workshop များလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မွန်းလွဲပိုင်းတွင် ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံဧည့်ခန်းမ၌ ကိုရီးယားသမ္မတနိုင်ငံ T.D.VINE Co.,Ltd.မှ CEO & President Mr.Inryul Lee ခေါင်းဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ HUAWEI Technologies Co.,Ltd. မှ Vice President Mr.Zhang Zhenjun ခေါင်းဆောင်သောအဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Beeline ကုမ္ပဏီမှ Deputy Director General Mr.Vladimir Shishko ခေါင်းဆောင်သော အဖွဲ့နှင့် CBOSS ကုမ္ပဏီမှ Chief Executive Officer Mr.Kirill Agevnin ခေါင်းဆောင်သောအဖွဲ့တို့ကို လက်ခံတွေ့ဆုံ၍ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ရတနာပုံမြို့သစ်၌ လာရောက်ရင်းနှီးမြှုပ်နှံကြသော ကုမ္ပဏီများ၏လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲများ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၂-၂၀၀၉(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅ ၇။ **လာအတူသွားကြစို့**
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၅၀ ၁၀။ အဆိုပြိုင်ပွဲ

ညပိုင်း

၄း၀၀ ၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
၄း၅၀ ၂။ အတီးပြိုင်ပွဲ
၄း၅၅ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၀၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၂၀ ၆။ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၅ ၇။ **စူပါတေးသံရှင်ရွေးချယ်ပွဲ**
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ **ဆိုကြမယ်၊ ပျော်ကြမယ်**
၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**(အပိုင်း-၂၀)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၁)

လွတ်လပ်ရေးသစ်ပင်

ကာတွန်း - ရဲထက်

28-12 (06).pmd 1 12/28/2009, 2:25 AM

မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ အထူးစည်ကား အံ့ဖွယ်နည်းပညာများ တစ်နေရာတည်းတွင် လေ့လာနိုင်

သတင်းခရီးသည်-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု- လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၇

မျက်မှောက်ခေတ် အိုင်တီနည်းပညာများသည် ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာရပ်များ ကမ္ဘာနှင့် အမီ ရင်ပေါင်တန်း အမီလိုက်နိုင်ရန်အတွက် အိုင်တီ နည်းပညာများ၏ အခြေခံဖြစ်သည်။ ကွန်ပျူတာ အတတ်ပညာရှင်များ တိုးပွားလာစေရန်အတွက် ကွန်ပျူတာ တက္ကသိုလ်ကြီးများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဖွင့်လှစ်ပေးနေသည်။

တွင်ကျယ်စွာ

ထို့အတူ အိုင်တီနည်းပညာများ လူငယ်လူရွယ်များအကြား ထိတွေ့ရင်းနှီးမှု ပိုမိုများပြားလာပြီး တွင်ကျယ်စွာ သုံးစွဲတတ်လာစေရန် အတွက်လည်း အိုင်စီတီ ရက်သတ္တပတ် ပြပွဲများကိုလည်း မကြာခဏ ပြုလုပ်ပေးလျက်ရှိပေသည်။ ထိုသို့ အိုင်စီတီ ရက်သတ္တပတ်ပြပွဲများ ခင်းကျင်းပြသလာခဲ့သည်မှာ အဋ္ဌမအကြိမ်ပင် ရှိခဲ့ချေပြီ။

ဒုတိယနေ့

အဆိုပါ အဋ္ဌမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲကိုတော့ ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီး၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၇ရက်က ဒုတိယမြောက်နေ့အဖြစ် ဆက်လက် ကျင်းပခဲ့သည်။ ယင်းပြပွဲကို ဒီဇင်ဘာ ၃၀ရက်အထိ နံနက် ၉နာရီမှ ညနေ၄နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း ။

မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ ဖျော်ဖြေရေးစင်မြင့်ကိုတွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ ဒုတိယနေ့တွင် ပြပွဲလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။ (မြန်မာ့အလင်း)

မြင်ကွင်းအဖုံဖုံ

သတင်းခရီးသည်တို့သည် အဆိုပါ မြန်မာအိုင်စီတီ ရက်သတ္တပတ် ပြပွဲသို့ ဆက်လက် သွားရောက်လေ့လာခဲ့ကြရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲနေသော မြင်ကွင်းအဖုံဖုံကို တွေ့ရပေသည်။

ရှေးဦးစွာ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ipstar ပြကွက်ကို တွေ့ရသည်။ ipstar ဆိုသည်မှာ မြန်မာနိုင်ငံတစ်ဝန်း ဘယ်နေရာမဆို တပ်ဆင်နိုင်ပြီး အင်တာနက်၊ အီးမေးလ်နှင့် တယ်လီဖုန်းများ ဆက်သွယ်အသုံးပြုနိုင်သော ဂြိုဟ်တု ဆက်သွယ်ရေးနည်းစနစ် တစ်ခုဖြစ်ပေသည်။ ipstar ကို အသုံးပြုခြင်းအားဖြင့် ကွန်ပျူတာကို ဖွင့်လိုသည်နှင့်တစ်ပြိုင်နက် အချိန်တိုင်းမှာ ဆက်သွယ်မှုကောင်းမွန်ခြင်း၊ လျင်မြန်သောနှုန်းဖြင့် အင်တာနက် ချိတ်ဆက်နိုင်ခြင်း၊ တယ်လီဖုန်းနှင့်အင်တာနက်ကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်ခြင်း၊ တစ်နိုင်ငံလုံးတွင် မည်သည့်နေရာတွင်မဆို တပ်ဆင်အသုံးပြုနိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း လေ့လာမှတ်သားရသည်။

စိတ်ဝင်စားဖွယ်

ဆက်လက်၍ ဗတ်ကုမ္ပဏီ၏ အိုင်တီဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်နေမှုများကိုလည်း လေ့လာခဲ့ပါသေးသည်။

ဗတ်ကုမ္ပဏီမှ ဆောင်ရွက်မည့် Modern ကို အသုံးပြုခြင်းဖြင့် တီဗွီ၊ အင်တာနက်နှင့် ဖုန်းတို့သုံးမျိုးသုံးစား အသုံးပြုနိုင်မည့် အကြောင်းမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းပစ္စည်းသုံးမျိုးကို သာမန်အားဖြင့် ဝယ်ယူသုံးစွဲလျှင် ကျပ် ၃၂သိန်းကျော် ကုန်ကျနိုင်မည်ဖြစ်သော်လည်း ဗတ်ကုမ္ပဏီမှ တင်သွင်းရောင်းချမည့် Modern အမျိုးအစားသစ်ကို ဝယ်ယူသုံးစွဲခြင်းအားဖြင့် ကျပ်ခြောက်သိန်းဝန်းကျင်သာ ကုန်ကျနိုင်မည်ဖြစ်သည်။

သို့သော်လည်း ယင်း Modern များကို ဈေးကွက် မိတ်ဆက်ပြသခြင်းသာဖြစ်ပြီး တရားဝင် ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

တစ်ဖန် နောင်ရိုးနည်းပညာကုမ္ပဏီလီမိတက်၏ လုံခြုံရေးကင်မရာပြကွက်ကို ဆက်လက် လေ့လာခဲ့သည်။ ယင်းပြကွက်တွင် လုံခြုံရေးနှင့်ထောက်လှမ်းရေး နည်းစနစ်သုံးပစ္စည်းများ၊ ဟိုတယ်များ၌ အသုံးပြုနေသောနည်းစနစ်များ၊ Video intercom System ဟုခေါ်သည့် ရုပ်နှင့်အသံ နှစ်မျိုးစလုံး ဆက်သွယ်အသုံးပြုနိုင်သော ဆက်သွယ်ရေးစနစ်များအကြောင်း၊ နေအိမ်များအတွင်း ဖောက်ထွင်းဝင်ရောက်မှုကို သိရှိနိုင်သည့်လုံခြုံရေးဆိုင်ရာ စနစ်များအကြောင်းတို့ကို လေ့လာမိသည်။

လက်တော့ပ်

ဆက်လက်၍ မန္တလေးမြို့မှ Winter Root ကုမ္ပဏီ၏ လက်တော့ပ်ကွန်ပျူတာ အရောင်းပြကွက်ကိုလည်း တွေ့ရသည်။ Toshiba PII မှာ ငွေကျပ်တစ်သိန်းကျော်၊Toshiba PIV မှာ ငွေကျပ်နှစ်သိန်းနှင့် သုံးသိန်းကြား၊ Fujitsu မှာ ကျပ်တစ်သိန်းကျော် Fujitsu PIV မှာ ငွေကျပ် တစ်သိန်းခွဲနှင့် နှစ်သိန်းကြား ရောင်းချပေးကြောင်း သိရသည်။

ကာကွယ်ပေးနိုင်

ထို့နောက် ကွန်ပျူတာများ၏ စက်ပိုင်းဆိုင်ရာများကို တိုက်ခိုက်တတ်သော ဗိုင်းရပ်စ်များအား ကာကွယ်ပေးနိုင်သည့် ကက်စပါစကီးဗိုင်းရပ်စ်ဆော့ဖ်ဝဲလ် အရောင်းပြကွက်ကိုလည်း တွေ့ရသည်။ ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းပြကွက်၊ Elite ကုမ္ပဏီ၏ စီဒီအမ်အေဖုန်းများ၊ ရတနာပုံဆိုက်ဘာစီးတီးမှ ထုတ်လုပ်နေသောပြကွက်၊ Hight Pricess ကုမ္ပဏီမှ CCTV လုံခြုံရေး ကင်မရာများ ရောင်းချနေသော ပြကွက်များကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရသည်။

တစ်ဖန် REDLINK ကုမ္ပဏီ၏ Broadband Wime နည်းပညာများအကြောင်း၊ ချယ်ရီ FM မှ တောင်ကြီးမြို့ကို ဗဟိုပြုလျက် မြို့နယ်ပေါင်း ၅၀ ကို FM အစီအစဉ်များ ထုတ်လွှင့်ပေးနေမှု၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် အပါအဝင် မြို့နယ်ပေါင်း ခုနစ်မြို့နယ်သို့ FM အစီအစဉ်များ ထုတ်လွှင့်မှုများကိုလည်း လေ့လာခဲ့ရသည်။

ထို့ပြပွဲလာရောက်ကြသော ပြည်သူများအား နောက်ဆုံးပေါ် အီလက် ထရွန်နစ်မျိုးဇစ်ဟု အမည်ပေးထားသော ဖျော်ဖြေရေး အစီအစဉ်များကိုလည်း တင်ဆက်ပြသလျက်ရှိသည်။

ကြိုနေမည်

သို့ဖြစ်ပေရာ အိုင်စီတီ နည်းပညာဝါသနာရှင်များ၊ အိုင်တီနည်းပညာလေ့လာနေသော ကျောင်းသား ကျောင်းသူများ၊ တေးဂီတ ချစ်မြတ်နိုးသူများအနေဖြင့် ပြင်ဦးလွင်မြို့အနီး ရတနာပုံဆိုက်ဘာစီးတီးရှိ မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲမှ ကြိုနေမည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ၌ နောက်ဆုံးပေါ် အိုင်စီတီပစ္စည်းများ ခင်းကျင်းပြသလျက်ရှိသော အရောင်းပြခန်းများကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဘောက်ဆင်ဒေး၌ မန်ယူတို့ သုံးမှတ်အပြည့်ယူ အာဆင်နယ်တို့ အိမ်ကွင်း၌ ဂိုးပြတ်သွင်း

ဖောင်ပိတ်ပရီမီယာလိဂ်သတင်း | **ရေးသူ-မောင်ချစ်ကြည်**

လန်ဒန် ဒီဇင်ဘာ ၂၇

ပရီမီယာလိဂ်ပွဲစဉ်(၁၉) ဘောက်ဆင်ဒေးပွဲစဉ်များကို ဒီဇင်ဘာ ၂၇ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူက ဟူးလ်စီးတီးကိုသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်က အိမ်ကွင်း၌ ဗီလာကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ဖာဂူဆန်နှင့် အာစင်ဝင်းဂါးတို့ သုံးမှတ်ကိုယ်စီ ပိုက်နိုင်ခဲ့ကြသည်။

အာဆင်နယ်နှင့် ဗီလာ

လေးပွဲဆက်တိုက် ရှုံးပွဲမရှိသည့် ဗီလာကို အာဆင်နယ်တို့ အသာစီးမှ ကစားကာ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ခဲ့သည်။ အာရှာဗင်ကို တိုက်စစ်မြားဦးထားပြီး အက်ဘွါဒိုနှင့် နာဆရီတို့ ဝိုင်းရံတိုက်စစ်ဆင်ကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း အာဆင်နယ်တို့ ဂိုးမသွင်းနိုင်ခဲ့ချေ။ ၅၇မိနစ်တွင် ဒီနယ်လ်ဆင်အစား ဖာဘရီဂတ်စ် ဝင်ရောက်ကစားခဲ့ရာမှ အာဆင်နယ်တို့ အသာစီးမှ ကစားနိုင်ခဲ့သည်။

အာဆင်နယ်အတွက် အဖွင့်ဂိုးကို ၆၅မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဖာဘရီဂတ်စ်က လှလှပပ သွင်းယူပေးနိုင်ခဲ့သည်။ ဗီလာတို့ အာဆင်နယ်တိုက်စစ်ကို ခံစစ်ဖြင့် ကစားနေခဲ့ရာမှ ၈၁မိနစ်တွင် ဝေါကော့ ဖြတ်ချပေးလိုက်သည့် ဘောလုံးကို ဖာဘရီဂတ်စ်ကပင် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ဒုတိယဂိုးရရှိခဲ့သည်။

ဗီလာတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အရာမထင်ဖြစ်နေခဲ့ရာ မိနစ်၉၀၌ ဒီရာဘိုင်က ဂိုးဧရိယာအစပ်မှ ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ တတိယဂိုးရရှိခဲ့ပြီး အာစင်ဝင်းဂါး အိမ်ကွင်း၌ ပြုံးပန်းဝေနိုင်ခဲ့သည်။

ဟူးလ်စီးတီးနှင့်မန်ယူ

နိုင်ပွဲလိုအပ်နေသော မန်ယူတို့ ဘာဘာတော့ဗ်၊ ရွန်နေ၊ ဂစ်၊ ဖလက်ချာစသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ဟူးလ်စီးတီးက ဖာဂန်နှင့် ဂါစီယာတို့ ဦးဆောင်ကာ အိမ်ကွင်း၌ မန်ယူကို မာမာတင်းတင်း ရင်ဆိုင်ကစားခဲ့သည်။ ၃၉မိနစ်၌ ဟူးလ်စီးတီးမှ စတီဖင်ဟန့်ကန်သွင်းချက်ကို မန်ယူဂိုးသမား ကာကွယ်ခဲ့ရသလို ၄၂မိနစ်၌ မန်ယူမှ ရာဖေးလ် အပိုင်ကန်သွင်းချက်ကို ဟူးလ်စီးတီးဂိုးသမား မိုင်ဟေးလ် ကာကွယ်နိုင်ခဲ့သည်။ မန်ယူတို့ အပေးအယူအချိတ်အဆက်လွဲချော်နေရာမှ ၄၅မိနစ်၌ ဖလက်ချာ ညာခြမ်းမှ ဂိုးရှေ့ဖြတ်တင် ပေးလိုက်သည့် ဘောလုံးကို ရွန်နေကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

၅၈မိနစ်၌ ဟူးလ်စီးတီးတို့ ပယ်နယ်တီရရှိရာ ယင်းပယ်နယ်တီကို ဖာဂန်က သွင်းယူခဲ့သဖြင့် ဟူးလ်စီးတီးတို့ ချေပဂိုးရရှိခဲ့သည်။ သို့သော် ၇၃မိနစ်၌ ဟူးလ်စီးတီးမှ ဒေါ်ဆင် ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် မန်ယူတို့ လက်ဆောင်ဂိုးရရှိခဲ့သည်။ မန်ယူတို့ ဆက်လက်ထိုးဖောက်ကစားရာ ၈၂မိနစ်၌ ရွန်နေ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဘာဘာတော့ဗ် အသာအယာကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။

ဟူးလ်စီးတီးနှင့် မန်ယူတို့ပွဲတွင် တိုက်စစ်မှူး ရွန်နေက မန်ယူအတွက် အဖွင့်ဂိုးကို ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ် ပွဲစဉ်(၁၉)အပြီး အသင်းများရပ်တည်မှုရမှတ်

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။	ချယ်လ်ဆီး	၁၉	၁၃	၃	၃	၄၂
၂။	မန်ယူ	၁၉	၁၃	၁	၅	၄၀
၃။	အာဆင်နယ်	၁၈	၁၂	၂	၄	၃၈
၄။	အက်စ်တွန်ဗီလာ	၁၉	၁၀	၅	၄	၃၅
၅။	စပါး	၁၉	၁၀	၄	၅	၃၄
၆။	မန်စီးတီး	၁၈	၈	၈	၂	၃၂
၇။	လီဗာပူး	၁၉	၉	၃	၇	၃၀
၈။	ဘာမင်ဂမ်	၁၉	၈	၅	၆	၂၉
၉။	ဖူလ်ဟမ်	၁၈	၇	၆	၅	၂၇
၁၀။	ဆန်းဒါးလန်း	၁၉	၆	၄	၉	၂၂
၁၁။	စတုတ်	၁၈	၅	၆	၇	၂၁
၁၂။	ဘလက်ဘန်း	၁၉	၅	၅	၉	၂၀
၁၃။	ဘန်လေ	၁၉	၅	၅	၉	၂၀
၁၄။	အဲဗာတန်	၁၈	၄	၇	၇	၁၉
၁၅။	ဝူလ်ဗာဟမ်တန်	၁၉	၅	၄	၁၀	၁၉
၁၆။	ဝီဂန်	၁၈	၅	၄	၉	၁၉
၁၇။	ဝက်စ်ဟမ်း	၁၉	၄	၆	၉	၁၈
၁၈။	ဘော်လ်တန်	၁၇	၄	၅	၈	၁၇
၁၉။	ဟူးလ်စီးတီး	၁၉	၄	၅	၁၀	၁၇
၂၀။	ပို့စ်မောက်	၁၉	၄	၂	၁၃	၁၄

(အင်တာနက်)

တံတားတည်ဆောက်သူက တံတားဆောက်၊ လမ်းဖောက်လုပ်သူက လမ်းဖောက်

တစ်ပြိုင်တည်း အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်၍

နိုင်ငံတော်တစ်ဝန်း လမ်း၊ တံတားများက ပန်းများအလား ပွင့်လန်းဖွံ့ဖြိုးဝေဆာလာခဲ့ပြီ

✻ ရွှေဖုံးမှ

ကြီးမားနက်ရှိုင်းသော မေတ္တာ၊ ကရုဏာ၊ စေတနာတို့ကြောင့် နိုင်ငံတစ်ဝန်း လမ်း၊ တံတားများက ပန်းများအလား ပွင့်လန်းဖွံ့ဖြိုးဝေဆာလာခဲ့ချေပြီ။

ပြည်ထောင်စုကြီး၏ အရှေ့၊ အနောက်၊ တောင်နှင့် မြောက်၊ အရပ်လေးမျက်နှာ၊ ထိုမှ အရပ်ရှစ်မျက်နှာတို့သို့ လွယ်လင့်တကူ ဥဒဟို သွားလာနိုင်ပြီ ဖြစ်သည်။

မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည် ထုံးနှလုံးမူထားသည့် သတင်းသမားကျွန်တော်သည် လုပ်ငန်းတာဝန်ဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ အခေါက်ခေါက်အခါခါ ခရီးဆန့်ခဲ့ဖူးပါသည်။

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာဟု တင်စားထိုက်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ တိုင်းလုံးပတ်လည် ရောက်ရှိခဲ့ရာတွင် ဗိုလ်မြတ်ထွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ မအူပင်၊ မြောင်းမြ၊ အိမ်မဲ၊ ပန္နဝတီ၊ ငဝန် အစရှိသော မြစ်ကူးတံတားကြီးများအပေါ်မှ လွယ်ကူစွာ ဖြတ်သန်း၍ သွားလာခဲ့ဖူး၏။ ရန်ကုန်မှ မော်တော်ယာဉ်ဖြင့် ငပုတောမြို့နယ်ရှိ ပင်လယ်ပိုင်းဒေသ ငရုတ်ကောင်းမြို့အထိ ကြိမ်ဖန်များစွာ ရောက်ခဲ့ဖူး၏။

တစ်ဖန် သံလွင်၊ မုပွလင်၊ မော်လမြိုင်၊ ဗလမင်းထင် အပါအဝင် မြစ်ကူးတံတားကြီးများအပေါ်မှ ကျော်ဖြတ်၍ ဒေသအသီးသီးသို့ ကြောင့်ကြမဲ့ ဥဒဟို ခြေဆန့်ခဲ့ဖူး၏။ တံတားဖွင့်ပွဲ အခမ်းအနားပေါင်းမျိုးစုံနှင့်လည်း ကြုံဆုံခဲ့ရပြန်ပါ၏။ မှတ်မှတ်ရရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာအမျိုးသမီး အင်ဂျင်နီယာများ တာဝန်ယူတည်ဆောက်ခဲ့သည့် ဧရာဝတီတိုင်းအတွင်းရှိ ပန္နဝတီမြစ်ကူးတံတားကြီးဆိုပါလျှင် အုတ်မြစ်ချပွဲသာမက ဖွင့်ပွဲအခမ်းအနားကိုပါ တိုက်တိုက်ဆိုင်ဆိုင် သတင်းလိုက်ခဲ့ဖူး၏။

ယခင်က လေကြောင်းနှင့် ရေကြောင်းကိုသာ အားထားခဲ့ရသည့် ရခိုင်ပြည်နယ်သို့လည်း ပြည် နဝဒေးတံတားကြီးမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ပြည်နယ်တစ်ခွင် လှည့်လည်ခဲ့ဖူး၏။ ထိုမှတစ်ဆင့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး၏ မအီလမ်းပိုင်းပေါ်ရှိ မအီတံတား၊ လုံးတော်ပေါက်၊ မင်းကြောင်းချောင်းတံတားအပါအဝင် လမ်းပိုင်းပေါ်ရှိ စီမံကိန်းဝင် တံတားကြီးပေါင်းစုံ၏ တည်ဆောက်ရေးကာလ လုပ်ငန်းခွင်သို့လည်း ကြိမ်ဖန်များစွာ သတင်းရယူခဲ့ဖူး၏။

သို့မို့ကြောင့် ဒေသခံပြည်သူများနည်းတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၏ အရေးပါမှုကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး နှိုင်းယှဉ်၍ တံတားကြီးတစ်စင်း၏ တန်ဖိုးကို ပိုမိုနားလည်ခဲ့၏။

အတိတ်ကာလ သူ့ကျွန်ဘဝကျရောက်စဉ် နှစ်ပေါင်းတစ်ရာကျော်အတွင်း ကိုလိုနီနယ်ချဲ့တို့သည် သူတို့၏စီးပွားရေးတွက်ကိန်းအရ မလွှဲသာ မရှောင်သာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဂုတ်ထိပ်တံတား၊ မွန်ပြည်နယ်ရှိ စစ်တောင်းတံတားနှင့် ဧရာဝတီမြစ်ကူး အင်းဝတံတားတို့ကိုသာ တည်ဆောက်ပေးခဲ့လေသည်။ ထိုစဉ်က အင်းဝတံတားမှာ အောက်ခံအုတ်တိုင် ၁၅ ခု၊ သံမဏိတံတားအခုံး ၁၀ခု၊ အရှည် ၃၉၄၈ပေနှင့် အမြင့်ပေ ၁၂၀ဖြစ်၍ အကြီးဆုံးဖြစ်ခဲ့သည်။ ၁၉၃၄ခုနှစ်ဇန်နဝါရီ ၂၈ရက်တွင် ထိုစဉ်က ဘုရင်ခံကိုယ်တိုင် ပွဲလမ်းသဘင်မျိုးစုံဖြင့် ခမ်းနားစွာ ဖွင့်လှစ်ပေးခဲ့ကြောင်း မှတ်သားမိဖူးသည်။

သို့သော် ကိုလိုနီနယ်ချဲ့တို့သည် ဒုတိယကမ္ဘာစစ်အတွင်းကာလ၌ မြေလှန်စနစ် ကျင့်သုံး၍ ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။

လွတ်လပ်ပြီးစ မြန်မာနိုင်ငံ။ ခေတ်သမိုင်းဆရာတို့က တိုင်းပြည်ကနုန၊ မုန်တိုင်းကထန်ထန်ဟု ခြယ်မှုန်းခဲ့ကြရသည့် ကာလ။ လွတ်လပ်ရေးရပြီးစ ထိုကာလနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်အကြီးအကဲက "လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရမယ့်အစား ဝါဒစွဲ၊ ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ၊ အတ္တစွဲ၊ မာနစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကြောင့် စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုတွေနဲ့ နောက်ဆုံးလက်နက်ကိုင်ဆူပူသောင်းကျန်းမှုတွေဖြစ်ပွားရာက ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးပျက်စီးခဲ့မှုတွေကို ကြုံတွေ့ခဲ့ရပြီးဖြစ်တယ်။

"၁၉၈၈ ခုနှစ်မှာလည်း ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိုကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းကရယူလိုတဲ့ လူပုဂ္ဂိုလ်တွေ၊ ပါတီအဖွဲ့အစည်းအချို့ရဲ့ ဖန်တီးမှုတွေနဲ့ ပြည်ပက အဖွဲ့အစည်းအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မင်းမဲ့စရိုက်တွေ ပေါ်ပေါက်လာပြီး အနိဋ္ဌာရုံအဖြစ်ဆိုးတွေကို ခံစားခဲ့ကြရပြီးဖြစ်တယ်" စသည်ဖြင့် ဩဝါဒစကား မြွက်ကြားခဲ့ဖူးပါသည်။

အတိတ်ကာလက နိုင်ငံ၏ကံကြမ္မာသည် ဤသို့ အခက်အခဲ အတားအဆီးအဖုံဖုံကို ကြုံခဲ့ဖူးပါသည်။ မိအေးနှစ်ခါသာမက အခါခါနာခဲ့ရပါသည်။ သို့သော် ရွှေမှန်ကင်းစစ်စစ်က ထင်းဖြစ်၊ ခေါက်ရာငှက်သွင်နိမ့်ချည်တစ်လှည့်၊ မြင့်ချည်တစ်ဖုံကြုံခဲ့ရသော အမိနိုင်ငံတော်သည် ၁၉၈၈ ခုနှစ်တွင် တပ်မတော်က မလွှဲသာမရှောင်သာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးနောက်ဝယ် အကောင်းဘက်သို့ ဦးတည်လာခဲ့ပေသည်။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်ခဲ့၍ နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှုမရှိ၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့် နေရာဒေသအများစုသည် ယခုအခါတွင် တိုင်းရင်းသားညီအစ်ကိုများနှင့် အတူလက်တွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ယခင်က အိပ်မက်မျှပင် မမက်နိုင်ခဲ့သည့် ငြိမ်းချမ်းမှုအနှစ်သာရနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို ယနေ့တွင် ဒေသခံ ညီအစ်ကိုမောင်နှမများ လက်တွေ့ခံစားနေကြရချေပြီ။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့်ဆိုပါမူ ၁၉၈၈ ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးများတွင် တံတားကြီး ငါးစင်းသာရှိခဲ့ရာမှ ယခုထပ်မံတည်ဆောက်ပြီးသည့် တံတားကြီး ၁၈စင်း ရှိလာပြီဖြစ်သည်။

ယင်းတို့အနက် ဧရာဝတီမြစ်ကူးတံတားကြီးများအဖြစ် နဝဒေး၊ မအူပင်၊ ဗလမင်းထင်၊ ဗိုလ်မြတ်ထွန်း၊ အနော်ရထာ၊ မကွေး၊ ဒေးဒရဲနှင့်

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး တည်ဆောက်လျက်ရှိသော ကမ်းနှစ်ဖက်ချဉ်းကပ်တံတားအရှည် အပါအဝင် နှစ်လမ်းမောင်း ကားလမ်းတံတားအရှည် ၄၆၉၅ပေ၊ ကမ်းနှစ်ဖက်ချဉ်းကပ်မီးရထားလမ်းတံတားအရှည် အပါအဝင် တစ်လမ်းမောင်း ရထားလမ်းတံတားအရှည်ပေ ၅၅၁၀ အသီးသီးရှိသည့် ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံ အနှံ့အပြားမှ ကုန်စည်များ ဗန်းမော်မြို့အထိ ကား၊ ရထားတို့ဖြင့် လျင်မြန်စွာ သွားလာစီးဆင်းနိုင်ပြီး နယ်စပ်ကုန်သွယ်ရေးဝင်ပေါက်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ပေတော့မည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့ကို ပေါင်းကူးပေးထားသည့် ဗလမင်းထင်တံတားသည် နိုင်ငံအနှံ့ ကူးသန်းသွားလာရန် ဆောင်ကြဉ်းပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်ခဲ့၍ နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှုမရှိ၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့် နေရာဒေသအများစုသည် ယခုအခါတွင် တိုင်းရင်းသားညီအစ်ကိုများနှင့် အတူလက်တွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီ။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

ရတနာပုံတံတားကြီးရှစ်စင်းကို သမိုင်းတွင်မ
အဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည်။

**ဆက်လက်၍ ဧရာဝတီမြစ်ကူးတံတား
တံတား၊ မလွန်တံတား၊ ပခုက္ကူတံတားနှင့်
တစ်ပြိုင်တည်းနီးပါး ပြီးစီးရန် ကြိုးပမ်းတည
ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ
နှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆ
တံတား (ပခုက္ကူ)သည် မြန်မာနိုင်ငံ၏ အရှ
ပေါ်ထွန်းလာ တော့မည်ဖြစ်သည်။ ပင်မတံ
(၂ဒသမ ၁၆)မိုင်ရှိပြီး ကားလမ်းနှင့် ရ
ဖြစ်သည်။ သံကူကွန်ကရစ် သံမဏိသံပေါင
ဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းအကျယ် ၂
၁၄ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၅၂ပေ၊
အကျယ် သုံးပေ သုံးလက်မစီ ပါရှိကြောင်**

ဧရာဝတီမြစ် အရှေ့ခြမ်းဒေသများနည်း
ကိုလည်း ဆူကြုံနိမ့်မြင့် ကွာဟချက်များ နည
နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ တိုင်းရ
ထားရှိသည့် လေးနက်ခိုင်မြဲသော မေတ္တာ၊ က
ပေါက်ဖွားလာသော သမိုင်းပြယုဂ်တစ်ရပ်

**အလားတူ နိုင်ငံတော်အကြီးအကဲ၏ လမ်း
ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အထိ ပြည်ထောင်စုတစ်ဝန်း ပေ ၁၈၀နှင့်အ
၂၃၃စင်းနှင့် ပေ ၁၈၀အောက် တံတား ၂၉၁၃
နိုင်ခဲ့သည်။ ဆက်လက်၍ တည်ဆောက်**

၁၉၈၈ခုနှစ်မှ ယနေ့အထိ	
စဉ်	ပြည်နယ်/တိုင်း
၁	ကချင်ပြည်နယ်
၂	ကယားပြည်နယ်
၃	ကရင်ပြည်နယ်
၄	ချင်းပြည်နယ်
၅	စစ်ကိုင်းတိုင်း
၆	တနင်္သာရီတိုင်း
၇	ပဲခူးတိုင်း
၈	မကွေးတိုင်း
၉	မန္တလေးတိုင်း
၁၀	မွန်ပြည်နယ်
၁၁	ရခိုင်ပြည်နယ်
၁၂	ရန်ကုန်တိုင်း
၁၃	ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)
၁၆	ဧရာဝတီတိုင်း
	စုစုပေါင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ရတနာပုံတံတားကြီးရှစ်စင်းကို သမိုင်းတွင်မည့် သမိုင်းဝင်လုပ်ငန်းများအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ ဧရာဝတီမြစ်ကူးတံတားအသစ်များအဖြစ် စင်းခန်းတံတား၊ မလွန်တံတား၊ ပခုက္ကူတံတားနှင့် ညောင်တုန်းတံတားတို့ကို တစ်ပြိုင်တည်းနီးပါး ပြီးစီးရန် ကြိုးပမ်းတည်ဆောက်လျက်ရှိပေသည်။ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီတံတား (ပခုက္ကူ)သည် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးအဖြစ် ပေါ်ထွန်းလာ တော့မည်ဖြစ်သည်။ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ဒသမ ၁၆)မိုင်ရှိပြီး ကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိမည်ဖြစ်သည်။ သံကူကွန်ကရစ် သံမဏိသံပေါင်အမျိုးအစား တံတားကြီးဖြစ်ပြီး နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၅၂ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေ သုံးလက်မစီ ပါရှိကြောင်း သိရသည်။

ဧရာဝတီမြစ် အရှေ့ခြမ်းဒေသများနည်းတူ အနောက်ခြမ်းဒေသများကိုလည်း ဆူကြုံနိမ့်မြင့် ကွာဟချက်များ နည်းနိုင်သမျှ နည်းနိုင်စေရန် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် လေးနက်ခိုင်မြဲသော မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့မှ ပေါက်ဖွားလာသော သမိုင်းပြယုဂ်တစ်ရပ် ဖြစ်ပါသည်။

အလားတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုတစ်ဝန်း ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၃၃စင်းနှင့် ပေ ၁၈၀အောက် တံတား ၂၉၁၃စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ တည်ဆောက်ဆဲ ပေ ၁၈၀နှင့်အထက်

၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ(၁၈၀)နှင့်အထက် တည်ဆောက်ပြီး တည်ဆောက်ဆဲ တည်ဆောက်ရန် လျာထားတံတားကြီးများ

စဉ်	ပြည်နယ်/တိုင်း	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန်လျာထား
၁	ကချင်ပြည်နယ်	၁၈ စင်း	၂ စင်း	-
၂	ကယားပြည်နယ်	၁ စင်း	၁ စင်း	-
၃	ကရင်ပြည်နယ်	၇ စင်း	၂ စင်း	-
၄	ချင်းပြည်နယ်	၃ စင်း	-	-
၅	စစ်ကိုင်းတိုင်း	၁၆ စင်း	၂ စင်း	၁ စင်း
၆	တနင်္သာရီတိုင်း	၇ စင်း	-	-
၇	ပဲခူးတိုင်း	၁၈ စင်း	၁ စင်း	၁ စင်း
၈	မကွေးတိုင်း	၁၉ စင်း	၂ စင်း	၂ စင်း
၉	မန္တလေးတိုင်း	၁၁ စင်း	၂ စင်း	-
၁၀	မွန်ပြည်နယ်	၄ စင်း	-	-
၁၁	ရခိုင်ပြည်နယ်	၃၆ စင်း	၁ စင်း	-
၁၂	ရန်ကုန်တိုင်း	၃၀ စင်း	၁ စင်း	-
၁၃	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄ စင်း	-	-
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅ စင်း	၂ စင်း	-
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇ စင်း	-	၁ စင်း
၁၆	ဧရာဝတီတိုင်း	၄၇ စင်း	၅ စင်း	၂ စင်း
	စုစုပေါင်း	၂၃၃ စင်း	၂၁ စင်း	၇ စင်း

ယခင်က အိပ်မက်မျှပင် မမက်နိုင်ခဲ့သည့် ငြိမ်းချမ်းမှုအနှစ်သာရနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို ယနေ့တွင် ဒေသခံ ညီအစ်ကိုမောင်နှမများ လက်တွေ့ ခံစားနေကြရချေပြီ။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အနေဖြင့်ဆိုပါမူ ၁၉၈၈ ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးများတွင် တံတားကြီးငါးစင်းသာ ရှိခဲ့ရာမှ ယခု ထပ်မံတည်ဆောက်ပြီးသည့် တံတားကြီး ၁၈စင်း ရှိလာပြီဖြစ်။

၁၉၈၈ခုနှစ်မှ ယနေ့အထိ တည်ဆောက်ပြီးစီးခဲ့သော တံတားများ

စဉ်	ပြည်နယ်/တိုင်း	ပေ ၁၈၀ အောက်	ပေ ၁၈၀ အထက်
၁	ကချင်ပြည်နယ်	၄၁၃ စင်း	၁၈ စင်း
၂	ကယားပြည်နယ်	၂၄ စင်း	၁ စင်း
၃	ကရင်ပြည်နယ်	၁၈၇ စင်း	၇ စင်း
၄	ချင်းပြည်နယ်	၁၇ စင်း	၃ စင်း
၅	စစ်ကိုင်းတိုင်း	၄၀၈ စင်း	၁၆ စင်း
၆	တနင်္သာရီတိုင်း	၁၁၆ စင်း	၇ စင်း
၇	ပဲခူးတိုင်း	၁၇၁ စင်း	၁၈ စင်း
၈	မကွေးတိုင်း	၁၆၄ စင်း	၁၉ စင်း
၉	မန္တလေးတိုင်း	၂၁၂ စင်း	၁၁ စင်း
၁၀	မွန်ပြည်နယ်	၁၃၁ စင်း	၄ စင်း
၁၁	ရခိုင်ပြည်နယ်	၂၅၉ စင်း	၃၆ စင်း
၁၂	ရန်ကုန်တိုင်း	၆၆ စင်း	၃၀ စင်း
၁၃	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၁၆၈ စင်း	၄ စင်း
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၁၈၅ စင်း	၅ စင်း
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၈၀ စင်း	၇ စင်း
၁၆	ဧရာဝတီတိုင်း	၃၁၂ စင်း	၄၇ စင်း
	စုစုပေါင်း	၂၉၁၃ စင်း	၂၃၃ စင်း

အရှည် ၄၁၈၃ပေရှိ ပြည်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်အကြား ဆက်သွယ်ထားသည့် နဝဒေးတံတားသည် တိုင်းရင်းသားပြည်သူတို့ အကျိုး သယ်ပိုးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

တံတားကြီးပေါင်း ၂၁စင်းရှိပြီး ခုနစ်စင်း ထပ်မံတည်ဆောက်ရန်လည်း လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ပြည်နယ်နှင့်တိုင်းချင်းဆက်သွယ်သည့် လမ်းများ၊ အမြန်လမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ သို့မို့ကြောင့် ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်သာ ရှိခဲ့ရာမှ ယခုအခါ လမ်းမိုင်ပေါင်း ၄၁၇၀၀ကျော် ရှိလာခဲ့ပြီဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျေးလက်လမ်းမိုင်ပေါင်း ၃၉၄၀၀ကျော်ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်း၍ အမြန်လမ်းမကြီး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းတို့မှာ ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဆက်သွယ်မည့် အာရှလမ်းမကြီး၊ အာဆီယံနိုင်ငံများနှင့် ဆက်သွယ်မည့် အာဆီယံလမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန် လမ်းမကြီးများ၊ ဘင်းမ်စတက်လမ်းမကြီး၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့-အနောက် စီးပွားရေးဇုန်လမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသ မြောက်-တောင် စီးပွားရေးဇုန်လမ်းမကြီး၊ အိန္ဒိယ-မြန်မာပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး၊ ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေးနှင့် ကုလားတန်မြစ်ကြောင်း ပြုပြင်ရေးစီမံကိန်းများကို အစီအစဉ်ကျကျ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

28-12 (08-09).pmd 2 12/28/2009, 2:26 AM

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၉ မှ

လမ်းမကြီးလေးသွယ်

အာရှလမ်းမကြီးတွင် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၁၄)ဟူ၍ လမ်းမကြီးလေးသွယ် ပါဝင်သည်။ အာဆီယံ အဝေးပြေးလမ်းမကြီးများအဖြစ် သတ်မှတ်ထားသော လမ်းကြောင်း ခြောက်သွယ်ရှိသည်။ ၎င်းတို့မှာ ရန်ကုန်-ဘုရားကြီး- မန္တလေး-တမူးလမ်း၊ ဘုရားကြီး-ဘားအံ-မြဝတီလမ်း၊ မန္တလေး-သီပေါ-လားရှိုး-မူဆယ်လမ်း၊ မန္တလေး-မိတ္ထီလာ-လွိုင်လင်-ကျိုင်းတုံ-တာချီလိတ်လမ်း၊ ကျိုင်းတုံ-မိုင်းလားလမ်း၊ သထုံ-မော်လမြိုင်-မြိတ်-ထားဝယ်-ကော့သောင်းလမ်း၊ ထားဝယ်-ဆင်ဖြူတောင်-ကန်ချနဘူရီ လမ်းတို့ ဖြစ်သည်။

ထပ်တူကျလျက်ရှိ

ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်လျက်ရှိသည့် အာရှ၊ အာဆီယံ လမ်းမကြီးများဖြစ်သော မြဝတီ-တမူး၊ တာချီလိတ်-မိတ္ထီလာ၊ ကျိုင်းတုံ-မိုင်းလားနှင့် မန္တလေး-မူဆယ်လမ်းတို့မှာ မြန်မာနိုင်ငံ၏ ပြည်ထောင်စုလမ်းမကြီးများနှင့်လည်း ဒေသအတော်များများတွင် ထပ်တူကျလျက်ရှိကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်မှုသရုပ်သကန်

ဤသည်တို့မှာ ပမာဆိုရလျှင် ပြည်ထောင်စုပန်းဥယျာဉ်ကြီးအတွင်း အရောင်အသွေးမျိုးစုံ၊ သင်းရနံ့မျိုးစုံတို့ဖြင့် ပန်းပေါင်းစုံ ပွင့်ကြိုင်လှိုင်သင်းနေသော ပန်းခင်းကြီးထဲမှ ပန်းတစ်ပွင့်၏ ပြယုဂ် တစ်ခုပင်ဖြစ်သည်။ မျက်မှောက်နိုင်ငံတော်၏ ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုး တိုးတက်မှုများအနက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု သရုပ်သကန်ကို ပမာနှိုင်း၍ မီးမောင်းထိုးကြည့်ခြင်းမျှသာ ဖြစ်ပေသည်။

အာဆီယံလမ်းသတ်မှတ်ချက် အမျိုးအစား၌ ပါဝင်သည့် ဘီလပ်မြေကွန်ကရစ်အဆင့်မြင့်လမ်းကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ဤသို့ခင်းထားသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

မခံချိမခံသာခံစားမိ

အတိတ်ကာလ၏ ကိုလိုနီနယ်ချဲ့တို့က သူတို့အမျိုးသား အကျိုးစီးပွား တစ်ပုံတစ်ပင်ရှိပါမှ တံတားတစ်စင်းတလေသာ တည်ဆောက်ပေးခဲ့သည့် သမိုင်းပြယုဂ်မြင်ကွင်း ပုံရိပ်ကို ကျွန်တော်တို့ ပြည်ထောင်စုသားတိုင်း ယခုတိုင် မခံချိမခံသာ ခံစားမိဆဲပင်.....။

ယနေ့ကာလတွင်မူ သမိုင်းခေတ်တစ်ခေတ်၏ဆန်းသစ်မှုနှင့်အတူ ပြည်ထောင်စု၏ နယ်မြေဒေသအသီးသီး၌ လမ်း၊ တံတားများက ပန်းများအလား အပြိုင်အရိုင်း ပွင့်လန်းဝေဆာလျက်ရှိချေပြီ။

ကြိုးပမ်းတည်ဆောက်ပေးနေ

နိုင်ငံတော်အကြီးအကဲ၏ "မိမိတို့ တိုင်းရင်းသား လူမျိုးများ၏ ရှေ့အလားအလာကောင်းများကို မျှော်မှန်း၍ မိမိတို့သည် အမှန်တကယ် လိုအပ်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများကို ပြည်ထောင်စုကြီး၏ နေရာဒေသအနှံ့အပြား၌ ကြိုးပမ်းတည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

နားလည်ခံစားကျေးဇူးတင်

"မိမိတို့၏ညီအစ်ကို မောင်နှမသွေးချင်းသားချင်း တိုင်းရင်းသားများအကြား ဆူကြံနှိမ့်မြင့် ကွာဟချက်များ နည်းနိုင်သမျှ နည်းစေရမည်၊ ပြည်ထောင်စုကြီး၏ ဒေသအသီးသီး မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးလာစေရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ စေတနာဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း" ဟူသော လမ်းညွှန်မှာကြားမှုကို ကြားသိခဲ့ရပြီးနောက် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသော ကြီးမားနက်ရှိုင်းလှသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာတရားတို့ကို ပြည်ထောင်စုသားတိုင်း ပိုမိုသိမြင် နားလည်ခံစားကျေးဇူးတင်လျက်ရှိပါတော့သည်။ ။

ဧရာဝတီတိုင်းရှိ အရှည် စုစုပေါင်းပေ ၁၂၆၀ရှိပြီး မြန်မာ အမျိုးသမီး အင်ဂျင်နီယာဝန်ထမ်းများ ဒုတိယမြောက် စွမ်းစွမ်းတမံ တည်ဆောက်ခဲ့သည့် တံတား ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်)။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြ ဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ပြည်နယ်နှင့်တိုင်းချင်း ဆက်သွယ်သည့်လမ်းများ၊ အမြန်လမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနိုင်ခဲ့။ သို့မို့ကြောင့် ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်သာရှိခဲ့ရာမှ ယခုအခါ လမ်းမိုင်ပေါင်း ၄၁၇၀၀ ကျော် ရှိလာခဲ့ပြီဖြစ်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျေးလက်လမ်းမိုင်ပေါင်း ၃၉၄၀၀ကျော် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်။

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင် တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>ယနေ့ညနေအထိခန့်မှန်းချက်မှာ</u> ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

28-12 (10).pmd 1 12/28/2009, 2:26 AM

အောင်ပွဲရ မြန်မာအားကစားသမားများ

ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ရွှေတံဆိပ်ဆုရရှိခဲ့သော အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၇

လာအိုနိုင်ငံတွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ၊ငွေ၊ကြေး ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် ညနေ ၆နာရီခွဲက မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ အောင်မြင်မှုရ အားကစားသမားများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က ရွှေတံဆိပ်ဆုရရှိခဲ့သော အမျိုးသမီး Hoop Takraw အသင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း၊ အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း၊ အမျိုးသမီး Compound မြားပစ်အသင်း၊ တိုက်ကွမ်ဒိုကကွက်ပြိုင်ပွဲမှ ယမင်းကေခိုင်၊ မီတာ ၅၀ရိုင်ဖယ်ပြိုင်ပွဲမှ လင်းအောင်၊ မီတာ ၅၀ ရိုင်ဖယ် အမျိုးသားသေနတ်ပစ်အသင်း၊ ကီလို ၂၀လမ်းလျှောက်ပြိုင်ပွဲမှ ကေခိုင်မျိုးထွန်း၊ ဂျူဒိုပြိုင်ပွဲမှ ဟိန်းလတ်ဇော်နှင့် ဇင်လင်းအောင်တို့အား နိုင်ငံတော်မှ ချီးမြှင့်ငွေကျပ်သိန်း၅၀၊ သက်ဆိုင်ရာအဖွဲ့ချုပ်မှ ချီးမြှင့်ငွေကျပ်သိန်း ၅၀စုစုပေါင်း ငွေကျပ်သိန်း ၁၀၀စီကိုလည်းကောင်း၊ ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားအဖွဲ့များ၏ နည်းပြဆရာ ၁၀ဦးအတွက် နိုင်ငံတော်မှ ချီးမြှင့်ငွေကျပ် ၁၀သိန်းစီ သက်ဆိုင်ရာအဖွဲ့ချုပ်မှ ချီးမြှင့်ငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ငွေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား နိုင်ငံတော်မှ ချီးမြှင့်ငွေကျပ် ၁၀သိန်း၊ သက်ဆိုင်ရာအဖွဲ့ချုပ်မှ ချီးမြှင့်ငွေကျပ် ၁၀သိန်း စုစုပေါင်းငွေကျပ် သိန်း၂၀စီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကြေးတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား နိုင်ငံတော်မှ ချီးမြှင့်ငွေကျပ် ငါးသိန်း၊ သက်ဆိုင်ရာအဖွဲ့ချုပ်မှ ချီးမြှင့်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများကလည်း ရွှေ၊ ငွေ၊ ကြေးရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ထို့နောက် အောင်ပွဲရ မြန်မာမြားပစ်အားကစားသမားများအား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ဂုဏ်ပြုဆုငွေများပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်းက ရွှေတံဆိပ်ရရှိသော အမျိုးသမီး Compound အသင်းအား ငွေကျပ်သိန်း၁၀၀ ပေးအပ်ချီးမြှင့်သည်။ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေတံဆိပ်ဆုရရှိခဲ့သော ဇော်ဝင်းထိုက်နှင့် အောင်ငိုမ်းတို့အား ငွေကျပ်၁၀သိန်းစီ၊ ကြေးတံဆိပ်ဆုရရှိခဲ့သော အမျိုးသား Recurve အသင်းနှင့် အမျိုးသမီး Recurve အသင်းတို့အား ငွေကျပ်ငါးသိန်းစီ၊ အုပ်ချုပ်နည်းပြအဖွဲ့ဝင်များအား ငွေကျပ်၂၅သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆွတ်ခူးရရှိ

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၁၂ခု၊ ငွေ ၂၂ခု၊ ကြေး ၃၇ခု ဆွတ်ခူးရရှိခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း ရွှေတံဆိပ်ရ အမျိုးသမီး **Compound** မြားပစ်အသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ရန်ကုန်) နှစ်ပတ်လည်စုံညီစည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ရန်ကုန်)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် အထွေထွေရောဂါကုဆရာဝန်များအတွက် အန္တရာယ်ကင်း၍ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (Quality and Safe Care for General/Family Practice) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ အထွေထွေရောဂါကုဆရာဝန်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းရှိ အဖွဲ့ပိုင်ခန်းမအနီး မြေယာရှုခင်းပြုလုပ်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေက ရှင်းလင်းပြသစဉ်။

(မြို့နယ် ပြန်/ဆက်)

၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်

ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲနှင့် ကွယ်လွန်သွားသည့် ဆရာကြီး ဆရာမကြီးများနှင့် သူငယ်ချင်းများအတွက် ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးမွေ့ဗိမာန်၌ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများသည် ဒေါက်တာနိုင်ဝင်း ဖုန်း-၀၉-၅၁-၂၇၄၇၇၊ ဒေါက်တာဝင်းမြတ်အေး ဖုန်း-၀၉-၅၀-၀၄၅၄၈၊ ဒေါက်တာခင်သီရိ ဖုန်း-၀၉-၅၁-၂၂၇၃၂ နှင့် ဒေါက်တာသော်တာမြင့် ဖုန်း-၀၉-၅၁-၃၆၅၈၄တို့သို့ ဆက်သွယ်နိုင်ပြီး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာဝန်သိစောင့်ရှောက်မှု အမှတ်တံဆိပ် Responsible Care Logo အပ်နှင်းပွဲ

ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း၊ Chemical Industry Group မြန်မာနိုင်ငံ တာဝန်သိ စောင့်ရှောက်မှုကော်မတီနှင့် ဂျပန်ပြင်ပကုန်သွယ်ရေး အဖွဲ့အစည်း JETRO -Japan External Trade Organization တို့ ပူးပေါင်းဆောင်ရွက်သည့် တာဝန်သိစောင့်ရှောက်မှု အမှတ်တံဆိပ်အပ်နှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ JETRO (ရန်ကုန်)ရုံးခွဲ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr.Eitaro Kojima နှင့် တာဝန်သိစောင့်ရှောက်မှု R.C Expert Mr.Konoshin Fukuma တို့ တက်ရောက်ကြသည်။

သုံးစွဲခွင့်

တာဝန်သိစောင့်ရှောက်မှု အမှတ်တံဆိပ် (RC Logo)သည် ဓာတုပစ္စည်းနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းများ ထုတ်လုပ်မှု၌ သဘာဝဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု (Environment, Health & Safety) အတွက် မွန်မြတ်သောစိတ်ထား (Noble Concept) နှင့်အညီ ဆောင်ရွက်သည့် ကုမ္ပဏီများသို့ သုံးစွဲခွင့်အပ်နှင်းသည့် အမှတ်တံဆိပ်ဖြစ်သည်။

အပ်နှင်း

တာဝန်သိစောင့်ရှောက်မှု အမှတ်တံဆိပ်အစီအစဉ်ကို မြန်မာနိုင်ငံတွင် (၂၀၀၆) ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ယနေ့အခမ်းအနား၌ ယူပီဂျီအုပ်စု၊ United Pacific Co.,Ltd.၊ဂျီပီဘက်ထရီ၊ Myanmar UR Chemical Co., Ltd. နှင့် Chemical Engineering Production Cooperative Ltd. တို့မှ အုပ်ချုပ်မှုဒါရိုက်တာ အသီးသီးတို့ထံ R.C Logo များကိုအပ်နှင်းခဲ့သည်။

JETRO၏ အစီအစဉ်အရ ၂၀၁၀ခုနှစ်တွင် တာဝန်သိစောင့်ရှောက်မှု ဆက်လက်အကောင်အထည်ဖော်မည့် ကုမ္ပဏီများမှာ Supreme Group of Companies တိုယိုဘက်ထရီနှင့် Mount Popa Chemical Trading Co, Ltd. တို့ ဖြစ်ကြောင်း သိရသည်။

ဆက်လက်ကျင်းပ

တာဝန်သိစောင့်ရှောက်မှု အမှတ်တံဆိပ်အပ်နှင်းခြင်း အခမ်းအနားကို နံနက် ၁၀နာရီခွဲတွင် ခေတ္တရပ်နားပြီး မွန်းလွဲပိုင်း အစီအစဉ်အဖြစ် R.C Expert Mr.Konoshin Fukuma က "Risk Assessment Seminar" ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၇

မန္တလေး အထက(၁၆) မြတ်ဆရာပူဇော်မည်

မန္တလေးမြို့ အထက(၁၆)တွင် ၁၉၆၂ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

သူနာပြုတက္ကသိုလ်(ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ

သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား သူနာပြုသိပ္ပံ(ပုံမှန်) ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဖုန်း-၀၉-၅၁၀၅၀၄၅နှင့် ၇၀၄၉၁၉တို့သို့ ဆက်သွယ်နိုင်သည်။

ပန်းချီပြပွဲ ခင်းကျင်းပြသ

ပန်းချီမြတ်နိုးသူ ဝါသနာရှင်များအတွက် နာမည်ကျော် ပန်းချီဆရာများ၏ လက်ရာကောင်း ပန်းချီကားများကို Majesty အမည်ရှိ ပြပွဲဖြင့် ဒီဇင်ဘာ ၂၅ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်အထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈လမ်းနှင့် ကုန်သည်လမ်းထောင့် Green Tea ခန်းမ၌ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသည်။

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြို့မငြိမ်း ရာပြည့်အမှတ်တရ ဂီတပွဲကျင်းပမည်

မန္တလေးမြို့မှ နိုင်ငံကျော် ဂီတစာဆို ဆရာမြို့မငြိမ်း၏ ရာပြည့်အမှတ်တရအဖြစ် ဂီတပွဲတော်ကို မန္တလေးမြို့မ တူရိယာအသင်းတည်ရှိရာ ၂၂လမ်းနှင့် ၈၆လမ်းထောင့်တွင် ဒီဇင်ဘာ ၃၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီ၌ ကျင်းပမည်ဖြစ်သည်။

ဟင်္သာတ အထက(ခွဲ) မြတ်ဆရာပူဇော်မည်

ဟင်္သာတမြို့နယ် အထက(ခွဲ) နိဗ္ဗာန်ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

မန္တလေးပန်းချီဆရာများ၏ ပန်းချီပြပွဲ

မန္တလေးမြို့မှ ပန်းချီဆရာများစုစည်း၍ ပြသမည့် My Favourite Art Work အမည်ရှိ ပန်းချီပြပွဲကို ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ Myanmar Art Centre ပန်းချီပြခန်း၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ကျင်းပမည်ဖြစ်သည်။

နှင်းဆီနှစ်သစ်ပဒေသာကပွဲ ကျင်းပမည်

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ရန်ပုံငွေအဖြစ် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) စီစဉ်တင်ဆက်မည့် နှင်းဆီနှစ်သစ် အနုပညာ ပဒေသာကပွဲကို ရုပ်ရှင်၊ ဂီတအနုပညာရှင်များ စုံလင်စွာဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြမည် ဖြစ်သည်။

Yangon Expo'2010 ကုန်စည်ပြပွဲ ကျင်းပမည်

နှစ်သစ်၏ ပထမဆုံး ကုန်စည်ပြပွဲဖြစ်သည့် Yangon Expo'2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆာကူရာတာဝါ၌ ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပ

၂၀၀၉ခုနှစ် န၀မအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဒီဇင်ဘာ ၂၆ရက်မှစ၍ ၃၀ရက်အထိ ကျင်းပလျက်ရှိသဖြင့် ခြင်းလုံးဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဖျော်ဖြေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr. Seba- stianus Sumarsono** နှင့် တက်ရောက်လာကြသူများ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်သည့် နှစ် (၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေ ၃နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sebastianus Sumarsono နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sebastianus Sumarsono နှင့် ဇနီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သံအမတ်ကြီး H.E.Mr.Sebastianus Sumarsono နှင့် ဝန်ကြီး ဦးဉာဏ်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံအတွက် လယ်ယာသုံးစက်ပစ္စည်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းအား ပေးအပ်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အမျိုးသား၊ အမျိုးသမီးများက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အထူးဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

Samsung, Star, Fuji အစရှိသော Branded Electronics ပစ္စည်းများကို မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော AA Electronics ၏ အထူးဈေးရောင်းပွဲကို ဒီဇင်ဘာ ၂၃ရက်မှ ၃၁ရက်အထိ နံနက်၉နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်ရှိ Samsung Show- room နှင့် Star Showroom ၊ ပန်းဆိုးတန်းလမ်းရှိ Samsung Showroom၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ Samsung Showroom များ၌ ကျင်းပလျက်ရှိသည်။ **(အောက်ပုံ)**

ရောင်းချပေး

Samsung ၏ နောက်ဆုံးပေါ် နည်းပညာဖြစ်သော LED TV ကို ယခင် ငွေကျပ် သိန်း ၃၀နီးပါးမှ ယခု ငွေကျပ် သိန်း ၂၀ အောက်အထိ လည်းကောင်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Aircon, CRT, TV, VCD,DVD,EVD, Aircooler, Fan, Watercooler များကို ယခင်ရောင်းချနေသော ဈေးနှုန်းများထက် ပိုမိုသက်သာသည့် ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချပေးနေသည်။

Samsung ၏ LCD သည် ကမ္ဘာ့နံပါတ်(၁)အရောင်းရဆုံး LCD ဖြစ်ပြီး ပြိုင်ဘက်မရှိ ကောင်းမွန်သော ရုပ်ပုံ၊ အရည်အသွေး လှပဆန်းသစ်သော Crys- tal Design ၊ အခြား LCD များနှင့် မတူသော အလျင်အမြန် လှုပ်ရှားနေသော ပုံရိပ်၊ ထစ်ငေါ့ခြင်းမရှိသည့် နည်းပညာဖြစ်ကြောင်း၊ Samsung Washing Machine သည် အဝတ်များကို သန့်စင်ရုံသာမက ပိုးမွှားကင်းစင်စေသည့် Silver Nano နည်းပညာ၊ လျှော်ပြီးအဝတ် များကို ပိုမိုခြောက်သွေ့စေသည့် Air Turbo နည်းပညာ၊ မြန်မာပြည်အတွက် အသုံးဝင်သည့် Auto Restart /Last Memory ပါရှိကြောင်း၊ Samsung Refrigerator မှာ အနံ့ဆိုးများကို ဖယ်ရှားပေးသော De- odorizer နည်းပညာနှင့် ပိုးမွှားများကို သုတ်သင်ရှင်းလင်းပေးသည့် Silver Nano နည်းပညာပါရှိကြောင်း၊ Sam- sung Aircon မှာ သန့်ရှင်းလတ်ဆတ် အေးမြသောလေကို ထိတွေ့ခံစားရရုံသာမက အခန်းအတွင်းရှိ ပိုးမွှားများကိုလည်း ရှင်းလင်းပေးသည့် Silver Nano နည်းပညာပါရှိကြောင်း၊ Star Fuji Electronics ပစ္စည်းများသည် အခြား CRT TV ပစ္စည်းများထက် အသံပိုင်း၊ ရုပ်ပိုင်း Design နည်းပညာပိုင်းများတွင် ပိုမိုကောင်းမွန်ကြောင်း၊ ယခုပြုလုပ်သော ဈေးရောင်းပွဲတော်ကို အရောင်းပြခန်းများတွင် သာမက အမြို့မြို့အနယ်နယ်ရှိ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် သင်တန်းအောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပရာ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရင်းကောင်စီက ၂၀၀၉ခုနှစ် ဖေဖော်ဝါရီနှင့် ဇူလိုင်လတို့၌ ကျင်းပခဲ့သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်းစာမေးပွဲ)သင်တန်း အမှတ်စဉ်(၂၉)နှင့် (၃၀)တို့တွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဖြင့် အောင်မြင်ကြသူများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံစာရင်းကောင်စီမှ တာဝန်ရှိသူများက လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ပထမပိုင်းစာမေးပွဲနှင့် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသူများအား ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ စာရင်းကိုင်စာမေးပွဲများတွင် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိကြသူများအား ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အောင်လက်မှတ်နှင့် ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ကြီးကြပ်ပြီး လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲများ၊ ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကျင်းပမည်ဖြစ်သည်။ ထို့ပြင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လွတ်လပ်ရေးနေ့အကြို ကလေးပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်တွင် အသင်းရုံး၌ ကျင်းပ၍ လွတ်လပ်ရေးနေ့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ **(ဝ၉၁)**

ဧယျာရွှေမြေနှင့်ဥဿာတို့ အရှုံးအနိုင်မပေါ်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဒီဇင်ဘာ ၂၇

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၄၄)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဧယျာရွှေမြေအသင်းနဲ့ ဥဿာယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျသွားပါတယ်။

ဧယျာရွှေမြေ - ဂိုးမရှိ
ဥဿာယူနိုက်တက် - ဂိုးမရှိ

ဒုတိယအကျော့မှာ ရှုံးပွဲတွေဆက်နေတဲ့ ဧယျာရွှေမြေအသင်းဟာ နိုင်ပွဲပြန်ရဖို့ ကြိုးစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ပွဲပယ်ခံထားရတဲ့ အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂ကလွဲရင် မင်းသူ၊ ရာဇာဝင်းသိန်း၊ မာတင်၊ ဝီလျှံတို့အပြင် အသစ်ခေါ်ယူထားတဲ့ ဆီွဒင်ကစားသမား အလက်ဇန္ဒား ပါဝင်ကစားခဲ့ပေမယ့် ဧယျာရွှေမြေအသင်းဟာ အကောင်းဆုံး ပုံစံမရခဲ့ပါဘူး။ ဒါ့အပြင် အဆုံးသတ်အားနည်းခဲ့လို့ နိုင်ပွဲနှင့် ဝေးခဲ့ရတာဖြစ်ပါတယ်။

နစ်နာခဲ့ရ

အမှတ်တူ နှစ်သင်းတွေ့ဆုံတာဖြစ်တာကြောင့်လည်း နှစ်သင်းစလုံး ခြေအသာမရခဲ့ပါဘူး။ ပွဲစကတည်းက ဥဿာယူနိုက်တက်အသင်းဟာ ဧယျာရွှေမြေကို အပြန်အလှန်လိုက်ကစားနိုင်ခဲ့ပြီး ၁၁ မိနစ်မှာ အားထားရတဲ့ ဘရာဇီးကစားသမား မားကို့စ် ဒဏ်ရာ ရသွားလို့ ဥဿာအားပျော့ခဲ့ရပါတယ်။ ဧယျာရွှေမြေအသင်းဟာ တောင်ပံနှစ်ဖက်ကနေ ဂိုးရဖို့ကြိုးစားခဲ့ပေမယ့် တောင်ပံက ဖြတ်တင်ဘောတွေ မထိရောက်ခဲ့လို့ ဂိုးသွင်းခွင့်တွေ သိပ်မရခဲ့ပါဘူး။ နှစ်မိနစ်မှာ ဆီွဒင်ကစားသမား အလက်ဇန္ဒား အပိုင်ကန်သွင်းရပေမယ့် ဘေးထွက်သွားလို့ ဧယျာရွှေမြေ နစ်နာခဲ့ရပါတယ်။

ဒုတိယပိုင်းမှာတော့ ဧယျာရွှေမြေ ပိုဖိကစားနိုင်ခဲ့ပြီး ယူ-၂၃ လက်ရွေးစင် မိုင်းအိုက်နိုင် ဝင်လာမှ ဥဿာတိုက်စစ် ပြန်ကောင်းခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဧယျာရွှေမြေတို့ အနိုင်ရဖို့အခွင့်အရေးတွေရခဲ့ပြီး ၅၄မိနစ်မှာ စည်သူသန်းရဲ့ အပိုင်ကန်ချက်ကို ဥဿာဂိုးသမား ဒီဂျန်နယ်ကာကွယ်နိုင်ခဲ့ပြီး ၅၆မိနစ်မှာလည်း အလက်ဇန္ဒားရဲ့ကန်ချက် တိုင်ထိထွက်သွားခဲ့တာကြောင့် အနိုင်သုံးမှတ်နဲ့ လွဲချော်ခဲ့ရပါတယ်။ ၈၉မိနစ်မှာ ဧယျာရွှေမြေတိုက်စစ်မှူး ရဲဝေယံစိုး ကြမ်းတမ်းစွာကစားလို့ အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

ဧယျာရွှေမြေအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။ (မြန်မာ့အလင်း)

၃၀-၁၂-၂၀၀၉
ကမ္ဘောဇ-ဥဿာယူနိုက်တက် (မြန်မာ့အလင်း)

ဥက္ကဋ္ဌဖလား အလွတ်တန်း ဖူဆယ်ပြိုင်ပွဲ
ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းတံခွန်စိုက် ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ယမန်နေ့နံနက် ၈ နာရီမှစ၍ လှိုင်တက္ကသိုလ်နယ်မြေရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၂) တွင် ကျင်းပသည်။

ချီးမြှင့်မည်

ရှုံးထွက်ပွဲစဉ်များတွင် UPT အသင်းက 4 Elephants အသင်းကို လေးဂိုး-နှစ်ဂိုး၊ YZ FC အသင်းက KAFA အသင်းကို ကိုးဂိုး-ရှစ်ဂိုး၊ ဌေးမိသားစုအသင်းက သိမ်ဖြူလူငယ်အသင်းကို ၁၀ဂိုး-နှစ်ဂိုး၊ ပုံလွှားလူငယ်အသင်းက BTTအသင်းကို လေးဂိုး- တစ်ဂိုးတို့ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဆုကြေးများအဖြစ် ပထမငွေကျပ် သိန်း၃၀၊ ဒုတိယငွေကျပ်သိန်း၂၀၊ တတိယငွေကျပ် ၁၅သိန်း၊ စတုတ္ထငွေကျပ်၁၀သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်နေ
ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်(ငြိမ်း)၊ (အထူးအရာရှိ၊ သစ်တောရေးရာဝန်ကြီးဌာန)-
ဒေါ်မြင့်မြင့်အောင်တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးဝေလင်း

B.Sc(Phy:) (D.S.A), M.Sc (Engineering Physics, YU.)

နှင့်

ရန်ကုန်မြို့နေ
ဦးကျော်စိန်(ခ)ဦးကျောက်စိမ်း (ကျောက်စိမ်း Offset Printing Press)
(တော်ဝင်ကျောက်စိမ်း Offset Printing Press)-ဒေါ်သန်းသန်းဌွေး တို့၏ သမီးကြီး

ဒေါက်တာသင်းသီရိ

M.B.,B.S (Ygn)

တို့သည် ၂၄-၁၂-၂၀၀၉ရက် (ကြာသပတေးနေ့)တွင် Sedona Hotel (Mindon Hall) ၌ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးဝေလင်း-ဒေါက်တာသင်းသီရိ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နေ
ဦးပေါ်ခိုင်သန်း(ခရိုင်တရားသူကြီး မူဆယ်မြို့)-
ဒေါ်သဇင်သိန်းတို့၏သားလတ်

မောင်အောင်လင်းသော်

B.A(IR) Shiner's Facilities Pte., Ltd. Singapore

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအောင်မြင့်ဦး(မန်နေဂျာ
မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း
ပေါက်ခေါင်းမြို့)-ဒေါ်ရင်ရင်မြတို့၏သမီးကြီး

မစုမျိုးဟန်

B.A (IR,Dip in IT)

တို့သည် ၂၇-၁၂-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိ လူကြီးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်လင်းသော်-မစုမျိုးဟန်။



အများသိစေရန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် ၈၂၇(ခ)၏ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ပါမစ်ပျောက်ဆုံးသွားပါကြောင်းနှင့် အထက်ပါ မြေကွက်၏ ပိုင်ရှင်အမည်မှန်မှာ ဦးအဘူဆီဒီး မှတ်ပုံတင်အမှတ် AK-၁၀၈၇၉၉ဖြစ်ပါကြောင်း၊ ယင်းမြေကွက်ကို ကျွန်တော်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဦးအဘူဆီဒီး။**

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မခိုင်နှင်းဝေ(ခ)စုနှင်းပွင့် ရုပ်ရှင်သရုပ်ဆောင် ၁၂/တမန(နိုင်)၀၈၁၉၅၄နှင့် ကိုချမ်းငြိမ်းကျော် ၁၂/ပတထ(နိုင်)၀၃၄၂၂၉တို့သည် စိတ်သဘောထားချင်း ညှိနှိုင်း၍မရပါသဖြင့် ၂၃-၁၂-၂၀၀၉ရက်တွင် တရားသူကြီး၊ ရှေ့နေများနှင့် အသိသက်သေများရှေ့တွင် သုဝဏ္ဏနေအိမ်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခိုင်နှင်းဝေ
ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်
၁၂/တမန(နိုင်)၀၈၁၉၅၄။

ဒီဇင်ဘာ ၂၃ရက်က (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အရှည်၂မိုင် ဖဒသမ၅ဖာလုံရှိ မကြီးကန်-ကန်လှ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အင်းစိန် တိ/မွေး/ကုတက္ကသိုလ် ၁၉၇၁-၁၉၇၇ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်မြို့ အင်းစိန် တိ/မွေး/ကုတက္ကသိုလ် (၁၉၇၁-၁၉၇၇) စာသင်နှစ်အတွင်း တွေ့ဆုံရင်းနှီးခဲ့ကြပြီး အတူတကွ ပညာဆည်းပူးခဲ့ကြသော သူငယ်ချင်းကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)နံနက်ဖြနာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ballroom II) ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက် ကြပါရန်နှင့်အလှူငွေများကို ဦးမျိုးတင့်၊ ဒေါ်နုနုဝင်း ဖုန်း-၀၉-၅၁-၁၁၈၂၉၊ ၂၂၆၉၄၂၊ ဦးမောင်မောင်ကြီး ဖုန်း-၃၇၂၇၂၆၊ နန်းခင်မေဖူး ဖုန်း-၀၉-၅၀-၀၃၁၈၃၊ ၅၇၈၂၁၉၊ ဒေါ်ခင်ကျော့ယဉ် ဖုန်း-၀၉-၅၁-၅၈၄၆၈၊ ၀၂-၆၆၀၃၇နှင့် မန်းတင်ဝင်း ဖုန်း-၀၉-၂၀-၃၆၇၅၆၊ ၀၉-၂၀-၅၄၆၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ *(၁၃၅)*

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားစနစ်ကျင့်သုံးရေး တာမွေ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၇

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ ဒီဇင်ဘာ ၂၁ရက်က ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ပညာ့အလင်း စာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံညီညွတ်ရေး၊ စာအုပ်စာစောင်များ စနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းထားရှိရေး၊ စာငှားစနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။ **(ယာပုံ)**

ဆက်လက်၍ စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ပူဇော်ကန်တော့

ဒီဇင်ဘာ ၂၆ရက်က တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ မိတ္ထီလာမြို့ အထက(၁)ကျောင်းတွင် တာဝန် ထမ်းဆောင်ပြီး အငြိမ်းစား ယူသွားကြသော ရန်ကုန်မြို့နေ ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။

(မြို့နယ်မီးသတ်)

ပေါင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး အမှုဆောင်သစ်ရွေးချယ်

ပေါင် ဒီဇင်ဘာ ၂၇

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက်ဖြနာရီက ပေါင်မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိ ဦးသိန်းဟန် (သထုံ-သိန်းဟန်)၊ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌွေး **(ယာပုံ)**နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)တို့က အသီးသီးအမှာစကား ပြောကြားကြသည်။

ရွေးချယ်

ထို့နောက် ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးအောင်မြင့်(ဘုန်းပြည့်တေဇာ)က ဖတ်ကြားရှင်းလင်းပြီးနောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌအဖြစ် မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)၊ ဘဏ္ဍာရေးမှူးဦးအေးသိဏ်း(သထုံ-အေးသိဏ်း)၊ အမှုဆောင် ဦးခင်မောင်ဦး (မောင်ဦး-ဥတ္တံတား)၊ အမှုဆောင် ဦးတင်မြင့်(သတင်းထောက်-မုတ္တမ)နှင့် အတွင်းရေးမှူး ဦးအောင်မြင့်(ဘုန်းပြည့်တေဇာ) တို့ပါဝင်သော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင် ငါးဦးတို့အား ရွေးချယ်ကြပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ညီလာခံ ကိုယ်စားလှယ်အဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)အား ရွေးချယ်ခဲ့ကြသည်။ **(၁၇၆)**

မိုး
သတိပြု

ဂရိအတွေးအခေါ်ရှင် အရစ္စတိုတယ်

ဘီစီ ၃၈၄-ဘီစီ ၃၂၂

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

အရစ္စတိုတယ်သည် ဟက်ဆီဒိုးနီးယား နန်းတွင်းသမားတော်ကြီး၏သားဖြစ်ပြီး ဘီစီ ၃၈၄ ခုနှစ်တွင် မွေးဖွားသူဖြစ်သည်။ ထိုခေတ်က အေသင်မြို့ရှိ ပလေတို၏ အကယ်ဒမီ ကျောင်းတွင် နှစ်ပေါင်း ၂၀ကြာ ပညာသင်ခဲ့သည်။

စာရိတ္တမြင့်တင်ရေး ဆရာတစ်ဆူ၊ ရူပဗေဒပညာရှင်၊ ဇီဝဗေဒပညာရှင်၊ စိတ် ပ ညာ ရှင်၊ ရုပ်လွန် ပညာရှင်၊ တက္ကဗေဒပညာရှင်၊ စာပေနှင့် နိုင်ငံရေး သဘောတရားပညာ ရှင် တစ်ဦးဖြစ်သည့် ဂရိ အတွေးအခေါ် ပညာရှင် အရစ္စတိုတယ်။

အပတ်တကုတ်ကြိုးပမ်း

အသိပညာရှာဖွေရာတွင် အရစ္စတိုတယ်သည် မတင်းတိမ်မရောင့်ရဲနိုင်အောင် အပတ်တကုတ် ကြိုးပမ်းသည့်အတွက် သူ့ကိုတိုက်တွန်းစရာမလိုဘဲ ထိန်းကျောင်းပေးရုံသာ လိုတော့ကြောင်း သူ့ဆရာ ပလေတိုကိုယ်တိုင် ပြောဆိုယူရသည်။ သူ့ဆရာကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၃၀ ကြာ ခရီးဆန့်ရင်းရေးသားသည့် တိရစ္ဆာန်တို့၏သမိုင်းစာအုပ်တွင် ဂရိခေတ်တိရစ္ဆာန်မျိုးစိတ်များ၏ အကြောင်းခြင်းရာကို သိရှိခွင့်ရခဲ့သည်။

ကောက်ချက်ချ

သူ၏ Nieonmachean Ethics စာအုပ်တွင် လူသား၏ ကောင်းခြင်းလက္ခဏာ အဖြာဖြာမှာ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းရှိသော အတွေးအခေါ်မှ ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု အရစ္စတိုတယ်က ကောက်ချက်ချထားသည်။

တီထွင်

တက္ကဗေဒသည် ဒဿနိကဗေဒ၏ သီးခြားအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု သူက ယူဆသည်။ ပိုမိုတိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် ဝေါဟာရသစ်များကိုလည်း တီထွင်ခဲ့သည်။

ပဓာနထား

အရစ္စတိုတယ်၏ ဒဿနိကအမြင်မှာ သူ့အတွေးအခေါ်များကဲ့သို့ပင် လူသားကို စိတ်ဝင်စားပြီး လူ့စွမ်းအားကို ပဓာနထားသည်ကို တွေ့နိုင်သည်။

အရစ္စတိုတယ်သည် စာရိတ္တမြင့်တင်ရေးဆရာတစ်ဆူ၊ ရူပဗေဒပညာရှင်၊ ဇီဝဗေဒ ပညာရှင်၊ စိတ်ပညာရှင်၊ ရုပ်လွန်ပညာရှင်၊ တက္ကဗေဒပညာရှင်၊ စာပေနှင့် နိုင်ငံရေး သဘောတရားပညာရှင်တစ်ဦးဖြစ်သည်။ ထူးခြားသည်မှာ သူသည် လက်တွေ့ဘဝကို မစဉ်းစားဘဲ အတွေးသက်သက်ဖြင့် စွဲလမ်းတမ်းတနေသူ မဟုတ်ခြင်းပင် ဖြစ်သည်။

သြဇာလွှမ်းမိုး

အရစ္စတိုတယ်၏ ဒဿနိကအမြင်မှာ အနာဂတ်အတွေးအခေါ်အပေါ် သြဇာလွှမ်းမိုး ရုံသာမဟုတ် သူသည် အနောက်တိုင်းအတွေးအခေါ်ကို ဖန်တီးသူလည်းဖြစ်သည်။ ။

ကိုးကား-အင်တာနက်

အသိပညာရှာဖွေရာတွင် အရစ္စတိုတယ်သည် မတင်းတိမ် မရောင့်ရဲနိုင်အောင် အပတ်တကုတ် ကြိုးပမ်းသည့်အတွက် သူ့ကို တိုက်တွန်းစရာမလိုဘဲ ထိန်းကျောင်းပေးရုံသာ လိုတော့ကြောင်း သူ့ဆရာ ပလေတိုကိုယ်တိုင် ပြောဆို။

နှစ်ပေါင်း ၃၀ ကြာ ခရီးဆန့်ရင်းရေးသားသည့် တိရစ္ဆာန်တို့၏သမိုင်းစာအုပ်တွင် ဂရိခေတ် တိရစ္ဆာန် မျိုးစိတ်များ၏ အကြောင်းခြင်းရာကို သိရှိ။

ဘဝအမောပြေ

လိုအပ်တယ်...

အိမ်ထောင်သက်တမ်း ၂၅နှစ်ခန့်ရှိပြီဖြစ်သော အမျိုးသားတစ်ဦးအား မိတ်ဆွေ လူပျိုကြီးက အိမ်ထောင်ရေးအတွေ့အကြုံများ မေးမြန်းလေသည်-

လူပျိုကြီး ။ ။ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဘာတွေသိထားရမလဲ ပြောစမ်းပါဦး။

မိတ်ဆွေ ။ ။ အများကြီးပါပဲကွာ။

လူပျိုကြီး ။ ။ အရေးကြီးတာတွေပြောပါဦး။

မိတ်ဆွေ ။ ။ သည်းခံစိတ်ရှိရမယ်။

လူပျိုကြီး ။ ။ ဟုတ်တာပေါ့။

မိတ်ဆွေ ။ ။ ဇနီးအပေါ်နားလည်မှုပေးရမယ်။

လူပျိုကြီး ။ ။ ဒါလိုအပ်တာပေါ့။

မိတ်ဆွေ ။ ။ အိမ်မှုကိစ္စတွေ ဝိုင်းကူရမယ်။

လူပျိုကြီး ။ ။ အားလပ်ချိန်မှာ လုပ်ပေးရမှာပေါ့။

မိတ်ဆွေ ။ ။ သြော်... အရေးကြီးတာရှိတယ်ဟေ့။

လူပျိုကြီး ။ ။ ပြောပါဦး။

မိတ်ဆွေ ။ ။ အချိန်ရရင် ဂျူဒိုနဲ့ကရာတေးသင်တန်းလည်း တက်ထားဖို့ လိုအပ်တယ်။

လူပျိုကြီး ။ ။ ဘာဖြစ်လို့လဲ...

မိတ်ဆွေ ။ ။ ဇနီးနဲ့ရန်ဖြစ်တဲ့အခါ ကိုယ်မခံရအောင်လို့ပေါ့။

လူပျိုကြီး ။ ။ **'ဟေ'**

ဘဝဒဿန

- ***Every time you influence another person to do a better job, you benefit him and increase your own value.***
  တစ်စုံတစ်ဦးအား သူ့အလုပ်ကို ပိုကောင်းအောင် ကူညီလုပ်ပေးနိုင်သည့်အခါတိုင်း သူ့ကိုအကျိုးပြုရာရောက်သကဲ့သို့ မိမိ၏တန်ဖိုးလည်း တက်စမြဲဖြစ်၏။

- ***Learn to do some one thing better than anyone else can do it, and you can forget your financial problems.***
  သင်သည် လုပ်ငန်းတိုင်းဆောင်ရွက်နိုင်စွမ်းရှိသည့် လုပ်ငန်းများအနက် တစ်ခုခုကို ပိုမိုကောင်းမွန်စွာလုပ်တတ်အောင် လေ့လာသင်ယူထားပါက သင်၏ ငွေကြေးဆိုင်ရာ အခက်အခဲပြဿနာများ ပြေလည်သွားပါလိမ့်မည်။

နပိုလီယံဟီးလ်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းသည်

စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ကမ္ဘာ့အရှည်ဆုံး ပန်းချီကား

ဘာရိန်းနိုင်ငံ၏ နိုင်ငံတကာအားကစားပွဲများကျင်းပရာ ဘာရိန်းအားကစားကွင်းပတ်လမ်း၌ မူလတန်းကျောင်းများမှ အသက်ခြောက်နှစ်မှ ၁၂နှစ်အရွယ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀၀၀တို့က ကမ္ဘာ့အရှည်ဆုံးပန်းချီကားကို ဒီဇင်ဘာ ၂၅ရက်က စုပေါင်းရေးဆွဲခဲ့ရာ ယင်းပန်းချီကား၏ အရှည်မှာ ၄၉၅၅မီတာရှိသဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံးပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်)

တစ်မိနစ်အတွင်း စန္ဒရားခလုတ် အကြိမ်အများဆုံး တီးခတ်နိုင်သူ

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့သား ဘာလက်စ်ဟာဗာစီသည် တေးဂီတသံစဉ် တစ်မျိုးကို စန္ဒရားဖြင့်တီးရာ အချိန် တစ်မိနစ်အတွင်း စန္ဒရားခလုတ်များကို အကြိမ်ပေါင်း ၄၉၈ကြိမ် တီးခတ်နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် စန္ဒရားအမြန်ဆုံး တီးနိုင်သူအဖြစ် ဒီဇင်ဘာ ၂၅ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(ယာပုံ)(အင်တာနက်)

သက်တမ်းအကြာဆုံး အသံလွှင့်အစီအစဉ် ကြေညာသူ

အမေရိကန်နိုင်ငံသား အသက် ၈၁နှစ်အရွယ်ရှိ ဟာ့ဘ်ကင့်သည် ချီကာဂိုရေဒီယိုအသံလွှင့်ဌာန၌ ၁၉၄၄ခုနှစ်မှ စတင်ကာ အသံလွှင့်အစီအစဉ်များကို ကြေညာသူနှင့် ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ခဲ့သူ (ဝဲပုံ) ဖြစ်ရာ ယခုအခါ အသံလွှင့်အစီအစဉ် ကြေညာသူ သက်တမ်း ၆၅နှစ်ရှိပြီဖြစ်သဖြင့် ကမ္ဘာပေါ်တွင် သက်တမ်းအကြာဆုံး အသံလွှင့် အစီအစဉ်ကြေညာသူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဒီဇင်ဘာ ၂၄ရက်က ဖော်ပြခံရသည်။ (အင်တာနက်)



ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ စဉ့်ကူး၌ကျင်းပ

စဉ့်ကူး ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ စဉ့်ကူးမြို့နယ် လူထုကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက်လုပ်ငန်းမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့(၂၀၀၉) အခမ်းအနားကို ဒီဇင်ဘာ ၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး (ဝဲပုံ) မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာပပဝင်းက (HIV/AIDS) ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ ဒုတိယရဲမှူးမြင့်လွင်နှင့် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာပပဝင်းတို့က အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၌ ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ စီမံချက်လုပ်ငန်းညှိနှိုင်းရေးမှူး ဦးထွန်းမြင့်နှင့် လက်ထောက်ညှိနှိုင်းရေးမှူး ဦးထွန်းရွှေတို့က ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၃ရက်က မြို့မဈေးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ငွေ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းလေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

တိုင်းရင်းဆေးအကြောင်း ဒေးဒရဲ၌ အသိပညာပေးဟောပြော

ဖျာပုံ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် တိုင်းရင်းဆေးမှူး၏ဦးဆောင်မှုဖြင့် ဒေးဒရဲမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက တိုင်းရင်းဆေးပညာအကြောင်း အသိပညာပေးဟောပြောပွဲနှင့် ဆေးဝါးကုသမှုလုပ်ငန်းများကို ဒီဇင်ဘာ၂၀ရက်က ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်တိုင်းရင်းဆေးမှူး ဦးအောင်တိုးက အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာအကြောင်းသိကောင်းစရာများကို ဟောပြောပြီး ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ကေသီအောင်က ဆောင်းရာသီတွင်ဖြစ်တတ်သော ရောဂါများနှင့် ကုသနည်းတို့ကို အသိပညာပေးဟောပြောသည်။ ဟောပြောပွဲအပြီးတွင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ် ၈၆ဦးတို့အား အထွေထွေရောဂါကုသခြင်းများကို ဆောင်ရွက်ကြသည်။ (ဝဲပုံ) (၁၅၅)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးတွင် မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မင်းဘူးခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မကွေးတိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကြည်တိုး၊ မင်းဘူးခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့ မြွေတလိုင်း တိုက်နယ်ဆေးရုံသို့ ဆေးပဒေသာပင် အလှူငွေပေးအပ်

မတ္တရာ ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မြွေတလိုင်းကျေးရွာ တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီက ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားနှင့် သက်ကြီးရွယ်အိုများအား ဆေးဝါးများလှူဒါန်းခြင်းနှင့် အာဟာရကျွေးမွေးပွဲအခမ်းအနား ကျင်းပသည်။

ပြောကြား

အစီအစဉ်အရ အလှူရှင် ဦးထွန်းရွှေ-ဒေါ်ကြည်မြိုင် (အောင်သမာဓိရွှေဆိုင်၊ မန္တလေးမြို့)က ဆေးပဒေသာပင် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါက်တာထင်ကျော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးပဒေသာပင်အတွက် အလှူငွေများပေးအပ်ရာ ဦးထွန်းရွှေ-ဒေါ်ကြည်မြိုင် (အောင်သမာဓိရွှေဆိုင်၊ မန္တလေးမြို့မိသားစု)က ငွေကျပ်ငါးသိန်း၊ ဦးဘဇံ-ဒေါ်ထူးထူး၊ ဦးလှရွှေ-ဒေါ်စုးစုးတို့က ငွေကျပ်တစ်သိန်း၊ ဦးနေဝင်း-ဒေါ်ညွန့်သန်း (ရွှေနတ်သား ဆန်စက်မိသားစု)က ငွေကျပ်တစ်သိန်းခွဲ၊ ဦးတိုင်းဝင်း-ဒေါ်ဆန်းဆန်း (တိုးလျှံဖြိုးဆန်စက်မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးထွန်းသိန်း-ဒေါ်ဦး(အောင်ဇော်သိန်း ဆန်စက်မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးကျော်ဆန်းဝင်း-ဒေါ်မာလာမြင့် (အောင်မြင်သူရွှေသန့်စင်လုပ်ငန်း မန္တလေးမြို့မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးအောင်ခင်-ဒေါ်ဝင်းလှိုင်မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးငွေဝင်း-ဒေါ်ကြင်ထူးမိသားစုက ငွေကျပ်တစ်သောင်း၊ ဦးအုန်းမောင်-ဒေါ်ဝင်းနုမိသားစုက ငွေကျပ်တစ်သောင်း စုစုပေါင်း ငွေကျပ်၁၁သိန်းကို ဒေါက်တာထင်ကျော်ဦးက လက်ခံယူပြီး ရပ်မိရပ်ဖဦးနေဝင်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ သက်ကြီးရွယ်အိုဘိုးဘွား ၁၀၃ဦးတို့အား ဆေးဝါးများလှူဒါန်းပြီး အာဟာရကျွေးမွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

နွေစပါး၊ ပဲမျိုးစုံနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု လျာထားချက်ပြည့်မီရေး ရေတာရှည်၌ တာဝန်ပေးအပ်

ရေတာရှည် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၏ ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါး၊ ပဲမျိုးစုံ၊ ကြံနှင့် ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်ဝင်းက နွေစပါးစိုက်ပျိုးရေး၊ သက်လျှင်စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ဆီထွက်သီးနှံ နေကြာ စနစ်တကျစိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးရေးတို့ကိုလည်းကောင်း၊ မြန်မာ့ကြံလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစန်းလှိုင်က ကြံစိုက်စနစ်နှင့် တစ်ဧကအထွက်တိုးရေးကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်စန်းက နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ဆွာချောင်းဆည်ရေကို ပင်မမြောင်းနှင့် လက်တံခွဲမြောင်းများမှ တစ်ဆင့် ရေကိုစနစ်တကျပေးသွင်းမည့် အစီအစဉ်နှင့် စိုက်ပျိုးရေကို အလေအလွင့် မရှိအောင် စနစ်တကျသုံးစွဲရေးကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဟန်ငြိမ်းက သီးနှံစိုက်ဧကများ မှန်ကန်ရေးနှင့် မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ ၂၇ဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

(စိုက်ပျိုးရေး)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မိုင်းအင်-မိုင်းလီ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နေမှုအခြေအနေကို ဒီဇင်ဘာ ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးလှဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ထန်တလန်စည်ပင် ကျေးလက်လမ်း မြေသားတာချဲ့

ထန်တလန် ဒီဇင်ဘာ ၂၅

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဒီဇင်ဘာ ၁၂ရက်က ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် ဆိုပွမ်း-တလန်ပီးကျေးလက်လမ်း (၁၁၅၃×၄×၆)ပေ မြေသားတာချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၅ရက် နံနက် ၁၀နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရီစုက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးဆန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောသည်။

လက်ကမ်းစာစောင်ပေးဝေ

ဆက်လက်ပြီး ခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်သိန်းဆွေညွှန့်က မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်အချက်များကို အသေးစိတ်ရှင်းလင်းဟောပြောကာ (ဝဲပုံ) လက်ကမ်းစာစောင်များ ပေးဝေသည်။

ဓာတ်ပုံပြပွဲ

ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)





အမည်ပြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့ လားရှိုးတက္ကသိုလ် ဒုတိယနှစ် ဂုဏ်ထူးတန်း (ရူပဗေဒ)မှ မနီလာမ်းအား မနီလာမ်း(ခ)မရိုမားဒေဝီဟု ပြည့်စွက်ခေါ်ဆိုပါရန်။

မနီလာမ်း(ခ)မရိုမားဒေဝီ
၁၃/မဆတ(နိုင်)၀၀၀၂၀၀။

ဓမ္မရက္ခိတ ဖြိုးမဟာစည်၊ ရန်ကုန် ဟေမန္တ ဆောင်းရာသီ တရားစခန်းဖွင့်မည်

ဖြိုးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ)တည်ထောင်ထားတော်မူခဲ့သော ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြိုးမဟာစည် သာသနာ့ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဟေမန္တဆောင်းရာသီ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲကို (၁၃၇၁ခုနှစ် ပြာသိုလဆန်း ၁၄ရက်) ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၉ရက်မှစ၍ ၁၅ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဖြိုးဆရာတော်၏တပည့်များဖြစ်ကြသော တိုက်အုပ်ဦးအဂ္ဂဝရ (M.A ဗာရာဏသီ) အမှူးပြုသော ဓမ္မကထိကဆရာတော်များဦးစီး၍ သတိပဋ္ဌာန်အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည်(၁၃၇၁ခုနှစ် ပြာသိုလဆန်း ၁၃ရက်) ၂၈-၁၂-၂၀၀၉ရက် (တနင်္လာနေ့) ညနေ၄နာရီတွင် လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ မီး၊ ရေ ဝေယျာဝစ္စ လှူဒါန်းလိုသူများ ဖုန်း- ၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)၊ ၀၉-၅၀၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အကျိုးဆောင်အဖွဲ့
ဓမ္မရက္ခိတဖြိုးမဟာစည်
အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

ဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်း

ကျေးဇူးကြီးမားလှသော ချစ်ဖေဖေကြီး **ဦးဘညွန့်(စာရေးဆရာ ကျွန်းစဉ်မြေစောခက်)သည် ကုသိုလ်အရောင်ဆိုးပေးပါ**စာအုပ်ဖြင့် ၂၀၀၈ခုနှစ်အတွက် **အမျိုးသားစာပေဆု**ရရှိကြောင်း သိရှိရပါသဖြင့် လွန်စွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ နောင်တွင်လည်း အကျိုးပြုစာပေများ ရေးသားပြီး ဆုတွေရရှိနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သမီး-မနှင်းသီရိခိုင်
(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးကန်ထရိုက်တာ)
နေပြည်တော်။

ရွှေရတုနှင့် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ဆားလင်းကြီး အထက၏ နှစ်(၅၀)ပြည့်ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ဦးမော်ကြီး (ရွှေလမင်း၊ ရန်ကြီးအောင် အဆင့်မြင့်သယ်ယူပို့ဆောင်ရေး၊ တောင်ကြီးမြို့) ဖုန်း- ၀၈၁-၂၂၅၈၁၊ ၀၉-၅၂၁၃၂၅၁နှင့် ဦးနေဝင်း (ဥက္ကဋ္ဌ ရွှေရတုနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဆားလင်းကြီးမြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရောင်းမည်

ပိုင်ရှင်(အမည်ပေါက်) ကိုယ်တိုင်ရောင်းမည်။

တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းမပေါ်၊ မေလိခအိမ်ရာအနီး ပေ(၄၀×၆၀)နှစ်ထပ်တိုက်ခံအိမ်၊ရေမီး အစုံ၊ ကျပ်သိန်း၂၂၀၀၊(ပွဲစားမလို)။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၀၆၄၆။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မသူဇာအောင်၇/ဒဥန(နိုင်)၁၃၇၀၆၁ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးသန်းနိုင်
၇/ဒဥန(နိုင်)၀၁၃၉၁၂
ဒေါ်သန်းသန်းဦး
၇/ဒဥန(နိုင်)၀၈၁၉၂၇။

မီးသတိပြု

စုပေါင်းလမ်းလျှောက်ပွဲ မြဝတီ၌ဆင်နွှဲ

မြဝတီ ဒီဇင်ဘာ ၂၆

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ တတိယပတ် လူထုအားကစားလ လှုပ်ရှားမှုအနေဖြင့် လူထုလမ်းလျှောက်ပွဲကို မြဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၉ရက် နံနက် ၅နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှစတင်ကာ ငွေဟသ်ာကျောင်းလမ်းဆုံရှေ့အထိ လမ်းလျှောက်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊မြို့နယ် အား/က ဦးစီးအရာရှိ ဦးသက်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုပေါင်း၍ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မိုးကောင်း အထက(၁) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လှူဒါန်းနိုင်

မိုးကောင်း ဒီဇင်ဘာ ၂၆

မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း တည်ဆောက်လျက်ရှိသည့် ပေ၁၄၀×ပေ၃၀ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လျက်ရှိရာ မိုးကောင်းမြို့နယ်သူမြို့နယ်သားများ၊ကျောင်းသားကျောင်းသူဟောင်းများနှင့် စေတနာရှင်များ အနေဖြင့် ရန်ကုန်မြို့မှ ဦးမောင်ကြီး ဖုန်း-၀၉-၉၉၂၃၁၁၈၊ ဦးချစ်မောင် ဖုန်း-၀၉-၅၀၀၂၁၉၂၊ ဦးယုတင် ဖုန်း-၀၉-၅၁၆၄၅၉၈၊ မန္တလေးမြို့မှ ဦးအောင်သိန်း ဖုန်း-၀၉-၂၀၂၀၆၁၅၊ ဦးလုံစိမ်း ဖုန်း-၀၂-၃၈၁၈၆၊ မိုးကောင်းမြို့မှ ဦးစောထွေး ဖုန်း-၀၇၄-၄၀၅၅၅၊ ၄၀၀၅၅၊ ဦးသန်းလှိုင် ဖုန်း-၀၇၄-၄၀၈၅၀၊ ဖားကန့်မြို့မှ ဦးချစ်ဆွေ ဖုန်း-၀၉-၉၀၄၀၀၉၆နှင့် ဦးစိုင်းရွှေမောင်ဖုန်း-၀၉-၉၀၄၃၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ကုတ်မြို့နယ်စလူကျေးရွာ၌ ဗိုလ်တိုက်ချုန်းစာကြည့်တိုက်ဖွင့် သုတ၊ ရသ ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်ကုတ် ဒီဇင်ဘာ ၂၄

တောင်ကုတ်မြို့နယ် စလူကျေးရွာ၌ ဗိုလ်တိုက်ချုန်း စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက်၁၁နာရီခွဲက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းရန်ပြောကြားပြီး စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်သီရိဟေမာန်၊ ရုပ်သံကျွမ်းကျင်-၃ဒေါ်ခိုင်ဇာလင်းနှင့်အငယ်တန်းစာရေး ဒေါ်ဝင်းမြသန်းတို့က စာအုပ်စာစောင်များ စနစ်တကျထားရှိရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို လက်တွေ့သရုပ်ပြကာ မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းဝေနှင့် အတွေးသစ်၊ အမြင်သစ်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးချစ်မြတို့ကသုတ၊ ရသနှင့်ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်းရာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြသောင်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆု

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် သောင်ကြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၁၈ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရ မဖြူစင်မွေးအားကျောင်းအကျိုးတော်ဆောင်နာယက ဦးကျော်ဝက ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၁၀)ရပ်ကွက် ဝိသုတာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မင်းမင်းသန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❖ မြန်မာ့လွတ်လပ်ရေးကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်

သိမ့် (စီးပွားရေးတက္ကသိုလ်)၏ ဆောင်းပါး စာ-၃

❖ တံတားတည်ဆောက်သူက တံတားဆောက်၊ လမ်းဖောက်လုပ်သူက လမ်းဖောက် တစ်ပြိုင်တည်း အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်၍ နိုင်ငံတော်တစ်ဝန်း လမ်း၊တံတားများက ပန်းများအလား ပွင့်လန်းဖွံ့ဖြိုး ဝေဆာလာခဲ့ပြီ။

မောင်မောင်ထွေး၏ သတင်းဆောင်းပါး စာ ၁၊ ၈၊ ၉ နှင့် ၁၀

❖ မြန်မာ့အဓိဋ္ဌာန်မော်ကွန်း

တက္ကသိုလ်ညိုညိုသန့်၏ ကဗျာ စာ-၂၀

❖ လွတ်လပ်ရေးသစ်ပင်

ရဲထက်၏ ကာတွန်း စာ-၆

မြန်မာ့အဓိဋ္ဌာန် မော်ကွန်း

* "လွတ်လပ်ရေးသည် ပထမ"
"လွတ်လပ်ရေးသည် ဒုတိယ"
"လွတ်လပ်ရေးသည် တတိယ"ဟု
ရှေးက ဘိုးဘွား၊ ဒို့သွေးသားတို့
နီးကြားဟစ်ကြွေး၊ မျိုးမာန်မွေး၍
ပေးခဲ့သက်ပေါင်း၊ ရာထောင်သောင်းဖြင့်
စုပေါင်းယူပေး၊ လွတ်လပ်ရေးသည်
လေးနက်စစ်မှန်၊ အဖိုးတန်၏။

* ယူနီယံဂျက်၊ မြေသို့သက်၍
ဝင်းလက်တောက်ပ၊ လှကြီးလှသည့်
မြန်မာ့အလံ၊ ဒို့အောင်လံသည်
ဝေယံတွင်ဝင့်၊ တလွင့်လွင့်တည့်။

* ဇန်နဝါရီ၊ နှစ်သစ်ချီသော်
မြန်ပြည်တစ်ဝန်း၊ အောင်လံလွှမ်း၍
ရွှင်လန်းတက်ကြွ၊ မြတ်နိုးကြသည့်
မြန်မာ့လွတ်လပ်ရေး၊ ဇာတိသွေးကို
ရှေးကလည်းချစ်၊ ခုလည်းချစ်၍
နောင်နှစ်ရာထောင်၊ ရပ်တည်အောင်လျှင်
ပြည်ထောင်နွယ်ဖွား၊ တိုင်းရင်းသားတို့
ပြတ်သားအသိ၊ ဖွဲ့သတ္တိဖြင့်
တိတိကျကျ၊ စောင့်ရှောက်ကြမည်
မြန်မာ့အဓိဋ္ဌာန်မော်ကွန်းတည်း။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

တက္ကသိုလ်ညိုညိုသန့်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

ထူးခြားသည့် ညအပူချိန်များ ၂၇-၁၂-၂၀၀၉

ဟားခါး	-၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	-၂	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၀	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁	ဒီဂရီစင်တီဂရိတ်